
စိတ်ကူးချိုချိုအနုပညာ

# ကြည်အေး



ဖုန်းသက်တိုင်

ပြန်လည်ရိုက်နှိပ်ခြင်း

mgyoe.com

mgyoe.com

# ကြည်ဇေဒါး

## မုန်းသက်တိုင်

ကိုမုန်းခင်...

ကျွန်မကတော့ ကိုယ့်ကိုယ်ကို ယုံတာတစ်ခုက

ကောင်းကောင်းချစ်တတ်တဲ့ နှလုံးရှိတယ်လို့ပဲ၊

ချစ်စရာရှိရင် ကျွန်မကပဲ ချစ်ချင်တယ်၊

အချစ်ခံရတာကို စောင့်နေပြီး နေနိုင်သူ

မတတ်ဘူးလို့လည်း

ကျွန်မလိုချင်တဲ့ အချစ်မေတ္တာမျိုးနဲ့

တုံ့ပြန်နိုင်သူလည်း ရှားမယ်၊

KA0014
2,000.00 KS

mgyoe.com

mgyoe.com

ပုန်းသက်တိုင်၊ ကြည်အေး
မျက်နှာဖုံးပန်းချီ - ကောစာချို၊ စာမျက်နှာ ၁၂၈+ မျက်နှာ၊ ၁၃ စင်တီ× ၂၀.၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းညို၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၆၊ ဩဂုတ်လ၊ ပြန်လည်ရိုက်နှိပ်ခြင်း၊ ၁၉၆၄ ငြိမ်းစာစဉ်ထုတ် နှစ်ပုဒ်တွဲမူ၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၂၀၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

# ဖုန်းသက်တိုင်
# ကြည်အေး

မြန်လည်ရိုက်နှိပ်ခြင်း၊ ၂၀၁၆

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com



## ယခုထုတ်ဝေခြင်းအတွက်
## စာရေးသူ၏အမှာစာ

ဖုန်းသက်တိုင်ဝတ္ထုရေးပြီး အဲဒီစာအုပ်နဲ့ ပြန်မတွေ့ရတာ နှစ်ပေါင်းများစွာ ကြာခဲ့ပြီ၊ ဒါပေမဲ့ စိတ်ထဲပြန်ပေါ်လာတတ်တာက အဲဒီဝတ္ထုထဲမှာ ကဗျာတစ်ပုဒ်ပါပါတယ်။ အဲဒီကဗျာ တစ်ပိုင်းတစ်စဟာ ကျွန်မ ကဗျာစာအုပ်များ ပြန်ရိုက်တဲ့အခါ တခြားကဗျာတွေနဲ့ မဆီမဆိုင် မှားယွင်းရောယှက်ပြီး ပါလာတတ်တယ်။

ပြုံးမျက်ရည်ဖြိုင်အေး ဆိုတဲ့ကဗျာကို သန့်သန့်ပြန့်ပြန့်ရိုက်ပြီး တစ်ခါ ဖုန်းသက်တိုင်လို့ နာမည်တပ်ပြီး အဲဒီပြုံးမျက်ရည်ဖြိုင်အေးအထက် ကပ်ပြီး ထည့်တတ်တယ်။ တစ်ပုဒ်သတ်သတ်အဖြစ်နဲ့....

"သေရည်ဆိုသည် သစ်ရည်မွှေးပါဗျ
တမင် သူလာနွှေးပါမှ
ရင်တွင်းကြင်သူ ထွေးရသည်သို့
နွှေးလောက်တဲ့ အသွင်မှာ
ဆေးမကြောက်သမို့
အကြွေးသောက်ချင်ချင်။"

"လိပ်ပြာအင်တန်ပွေချင်ရဲ့
မသေခင်နေသရမ်းမယ်ကွဲ့

mgyoe.com

mgyoe.com



လင်းမိုက်လွယ် ငွေမျှင်ခြမ်းကတောင်မှ
အချိန်ကုန်ပုံ ကြမ်းတယ်ဟာရီတွေနဲ့
တိမ်ခြုပဝါနွမ်းကိုမှ
လမ်းပြမယ်လှစ်ပဟဲ့။"

အဲဒီ ၂ ပိုဒ်နဲ့ဆက်ပြီး ပြုံးမျက်ရည်ဖြိုင်အေးကို ရောယှက်ဆက်နှိပ်ပါတယ်။

အဲဒါ အင်မတန်အရုပ်ဆိုးတဲ့ ကိစ္စဖြစ်ပါတယ်။ အထက်က ကဗျာတစ်ပိုင်းတစ်ဝက် ၂ ပုဒ်ဟာ ၂ ပုဒ်လုံး အရက်သမားစကား မိုက်ပြောသံပါတာမို့ ကဗျာတစ်ပုဒ်ထဲကအတူ ထွက်လာတာလည်းဖြစ်နိုင်၊ တခြားစီကလာရောက်ကပ်ချိတ်နေမိတာလည်း ဖြစ်နိုင်တယ်။ ပြုံးမျက်ရည်ဖြိုင်အေးနဲ့ အရာရာမှာ တခြားစီပဲ ပြုံးမျက်ရည်ဖြိုင်အေးမှာ အရက်သံ ပုန်ကန်သံမပါဘူး။ အဲဒီ ၂ ခုကို ရောထားတယ်။ ပြောခဲ့တဲ့ ကဗျာတစ်ပိုင်းတစ်စတွေမှာ...

"သေရည်ဆိုသည် သစ်ရည်မွေးပါဗျ"... ဆိုတဲ့အပိုဒ်က လေးချိုးတစ်ပုဒ်ရဲ့ ဒုတိယအချိုးနဲ့တူပြီး "လိပ်ပြာ အင်မတန်ပွေချင်ရဲ့..." က စတုတ္ထအပြီးသတ်အချိုးနဲ့တူပါတယ်။

ကျွန်မက ဖုန်းသက်တိုင်ဝတ္ထုကို ခုပြန်လည်မနှိပ်ခင် ဖတ်ခွင့်ရဖို့မဖြစ်နိုင်တော့ စိတ်ကူးနဲ့ပဲ ပြန်ရေးရပါတယ်။ ဝတ္ထုထဲက အရင်းခံပုဂ္ဂိုလ်က လူငယ်တစ်ယောက် ဘဝရင်ဆိုင်ရာမှာ အဆင်မပြေတော့ လက်တစ်ဖက်က သေရည်တစ်ခွက်ကိုင်ပြီး ချစ်သူကိုလည်း အားမကိုးနိုင်၊ ကိုယ့်ကိုယ်ကိုယ်လည်း အားမကိုးနိုင် အခက်တွေ့နေတာက ကျန်လက်တစ်ဖက်မှာကိုင်ထားရဟန်တူပါရဲ့။ အဲဒီခေတ်က ကျွန်မနဲ့ရွယ်တူလူငယ်တွေ ဖြစ်ပျက်နေကြပုံရေးမိတယ် ထင်ပါတယ်။

အဲဒီခေတ်က လူငယ်တွေဟာ ရိုးရာအယူအဆတွေကို တော်လှန်ပြီး အနှောင့်အယှက်များကို ရင်ဆိုင်ပြီး နိုင်သူနိုင်၊ ရှုံးသူရှုံး လောကီအမှုတွေ ရှုပ်ပွေနေတာကို ဖြေရှင်းကြရတယ် ၁၉၅၀–၆၀ တွင်းမှာပေါ့။

ကျွန်မကတော့ ဆေးကျောင်းတစ်ဝက်တစ်ပျက်နဲ့ ထွက်ပြီး၊ အိမ်ထောင်ကျပြီး လူမှုရေးနားမလည်လှသော်လည်း ပြဿနာတက်လာသမျှ တစ်ယောက်ထဲရှင်းနေတဲ့အချိန်ပါပဲ။


mgyoe.com

mgyoe.com



စာ– ကဗျာကိုတော့ ရေးဖြစ်နေပါသေးတယ်။ ဒါပဲ မှတ်မိတယ်။ ဖုန်းသက်တိုင်စာအုပ်ထွက်လာမှပဲ စိတ်ထဲမရှင်းတာတွေ ဖြေရှင်းနိုင်ခွင့်ရမယ်ထင်တော့ ပျောက်နေတာကြာပြီဖြစ်တဲ့ အဲဒီစာအုပ်ပြန်ထွက်တော့မှာကို ဝမ်းသာမိပါတယ်။

ကျွန်မအခု ကိုးကားရတဲ့ "ကြည်အေး၏ ကဗျာများ" ဆိုတဲ့ စာအုပ်က ဒဂုန်တာရာနဲ့ ထင်လင်းတို့ တိုင်ပင်ပြီး ထုတ်ဖြစ်အောင် အားထုတ်ရတဲ့ စာအုပ်တစ်ခုဖြစ်ပါတယ်။ ထုတ်ဝေသည့်လဆိုပြီး ရှေ့မှာမှတ်သားထားတာက ၁၉၉၀ ပြည့်နှစ် မေလလို့ဆိုပါတယ်။ (ကျွန်မရဲ့ကြောင်ကလေး Scamper ပုံဆွဲပြီး ထင်လင်းဆီပို့လိုက်တာလည်း စာအုပ်ရှေ့မှာပါတယ်။ ဒါထက် ဘာမှလည်း မသိရပါဘူး။ သူတို့နှစ်ယောက်နဲ့လည်း ဝေးကွာသွားတယ်။ ကျွန်မက အဲဒီကဗျာစာအုပ်ထုတ်တော့ အမေရိက ရောက်နေတာ အနှစ်နှစ်ဆယ်နီးပါးရှိနေပြီ၊ မြန်မာလိုရေးတာ ရပ်လိုက်တော့မယ်လို့လည်း ကြေညာလိုက်ပြီ၊ အမေရိကမှာ ဘဝသစ်စရတာကလည်း နည်းနည်းမှ မလွယ်ပါ။ ကျွန်မတစ်ယောက်တည်း တာဝန်ယူခဲ့တဲ့ သားသမီး ၆ ယောက်ကလည်း မကြီးပြင်းသေးဘူး။ ဘာမှ မြန်မာပြည်နဲ့ လုမ်းမတွေ့နိုင်ဘူး။ ဒီတော့ အခု ဒီအမှာစာ ရေးရာမှာ အမှားအယွင်းပါရင်လည်း အားလုံးနားလည်နိုင်ကြမယ် ထင်ပါတယ်။ အဲဒီတုန်းက မြန်မာပြည်၊ မြန်မာမိတ်ဆွေ၊ မြန်မာဆွေမျိုးနဲ့ တော်တော်လေး အဆက်ပြတ်ခဲ့တာ အမှန်ပါပဲ။



mgyoe.com

mgyoe.com

mgyoe.com

mgyoe.com


## (၁)

သူ့လိုပင် ကွန်မြူနစ်ဝါဒ၌ သက်ဝင်ယုံကြည်၍ မြို့ကြီးပြကြီး၌ ပညာသင်ကာ၊ ရုပ်ရှင်ကြည့်ကာ၊ မိန်းမ၌ စိတ်ဝင်စားကာဖြင့် တစ်သက်တွင် ပျော်ရွှင်ခိုကပ်ဖြစ်မည်လို့ မထင်မှတ်ခဲ့သူ အများပင်ရှိကြမည်။ သည်အထဲက သူ့လို့ပင် ငွေလဝန်း၌ ချစ်သူ့နှုတ်ခမ်းကို မြင်၍တိုက်ခတ်လာသော လေ၌ ဖြားယောင်းခေါ်သံကို ကြားသော ကဗျာမျိုးကို ချစ်တတ်သူရှိမည်။ သူ့လိုပင် အရင်းစင်စစ် ရွာမဖြစ်ဘဲ လေလွင့်လာသော သတင်းစာ စက္ကူစုတ်ပမာ တစ်ပိုင်းတစ်စ အကြောင်းချင်းရာများနှင့်ပင် မပြီးမပြတ် ရန်ကုန်မြို့သို့ ချဉ်းကပ်ကာ၊ သူတကာလို ကောလိပ်ကျောင်းသားဖြစ်လာပြီး နိုင်ငံရေး၌ လုံးဝကျဆုံးသွားသူအများရှိမည်ပင်...

ထိုအများထဲမှ ကိုဖုန်းခင်သည်တော့ အကောင်းချည်း ဖြစ်လို၍ အလုကိုချည်းမြင်လိုကာ စိတ်ဝေဒနာဟူသမျှကို အသေးစိတ် ထိတွေ့ခံစားလွယ်သူ၊ သညာ၌ အရာရာလွယ်ကူစွာ ထင်သူတစ်ယောက်တည်း။ သည်တစ်ခုသာပင် သူ့ကို အထူးပြုသည့် ဝိသေသနဖြစ်ကာ၊ သူ့ကို သူ့လို လူငယ်အများနှင့် အနည်းငယ်ဖြစ်စေ ကွာခြားစေသော၊ ဆက်ဆံရာ၌ ရောရှ၍မသွားစေသော အကြောင်းဖြစ်သည်။ ဒါသည်ပင် သူ့ဘဝ ပန်းကွက်စကြာပုံဖော်ရာ၌ ကြမ္မာ၏ လက်ကအသုံးပြုသော မျဉ်းဖြောင့်မျဉ်းကွေ့ အတိုအရှည်တစ်စုံပင်တည်း။

သို့သော်... ကိုဖုန်းခင်ကိုယ်တိုင်ကမူ လူ့ဘဝ၏ နောက်ဆုံးအချိန် ဦးနှောက် နောက်ဆုံးကြည်လင်ချိန်၌ပင် သည်အဖြစ်ကို မခံချင်ဖြစ်ငြက်ရှိ

mgyoe.com

mgyoe.com


ခဲ့သည်။ သာမန်လူနှင့် တစိုးတစိမှ မကွာရပါလို၏ဟု တောင့်တဆဲပင် ရှိခဲ့သည်။ ဘာပဲဖြစ်ဖြစ် သူသည် သူများတကာလိုပင် ၁၅ နှစ်သားမှာ ဆယ်တန်းအောင်၍ ဆက်တိုက်ကောလိပ်တက်ရန် လာခွင့်ရခဲ့လျှင် သူ့ တောင့်တချက် ပြည့်ဝမည်လို့လည်း မှန်းဆဆဲရှိခဲ့သည်။ သို့သော်... မခံချင်တာ တွေ၊ တောင့်တတာတွေ၊ မှန်းဆတာတွေနှင့်သာ ပြီးသည်။ သူကတော့ ရန်ကုန်မြို့ကို စိတ်ဓာတ်ပျက်ပြားပြီဖြစ်သော နိုင်ငံရေးသမားတစ်ယောက်၊ နဂိုရှိသည့် အသက်ထက် ရင့်ရော်ခဲ့သူတစ်ယောက်၊ နဂိုက အယုံကြီးယုံကြည် ခဲ့သည့်ဟာ မှန်သမျှ ဆုံးပျက်ပြီဖြစ်၍ ဘာမှ တွယ်တာခိုလှုံစရာ မရှိသူတစ် ယောက်၊ လူအနေဖြင့် စိတ်မချမ်းသာစွာသော သူတစ်ယောက်အဖြစ်သာ ရောက်ခဲ့ပြီဖြစ်သည်။

သူ ထွက်လာကတည်းက ဇာတိမြို့ကို တော်တော်နှင့် ပြန်ဖြစ်မည် မဟုတ်ဆိုတာ သိခဲ့၏။ ပါတီတာဝန်ခံ စည်းရုံးရေးမှူးအဖြစ်နှင့် မရောက် ဖူးသော မြစ်ဝကျွန်းပေါ်မြို့ဆီရှိ၊ ရေခါးလယ် ရောက်သော လယ်ကွင်းပြင် ကျယ်မှာ အဖော်စိန်ထွန်းအောင်နှင့် မိုင်ပေါင်းများစွာ နေ့ရောညပါ လျှောက် တာတွေ၊ ပြီးခဲ့ပြီဆိုတာ သိခဲ့၏။ ဘယ်ရဲဘော်နှင့်မှလည်း ရိုက်မောင်းပုတ် မောင်းဖြစ်သည့်အထိ သဘောကွဲလွဲစရာတွေ၊ ဆွေးနွေးငြင်းခုံစရာတွေမရှိ ပြီ။ သူရဲ့တရားဟောကောင်းသော ဂုဏ်ကိုလည်း အသုံးပြုစရာနေရာမရှိပြီ။ ကောလိပ်ရောက်လျှင် သမဂ္ဂတောင်ဝင်ဖြစ်ပါ့မလားဟု သံသယမကင်းသေး။

ထို့ကြောင့် ၁၉၄၈ ခုဌ် ကောလိပ်ရောက်၍ ဆရာဝန်လုပ်မည့်သူတို့ ယူသည့် သတ္တဗေဒ အရင်းခံ ဘာသာစုံကို သိပ်မစဉ်းစားဘဲယူသူ၊ အင်းဝ ကျောင်းဆောင်မှ ကိုဖုန်းခင်တစ်ယောက်သည်တော့ အသက် ၁၈ နှစ်၌ လူ့ဘဝ၏ အရေးကြီးသော တစ်ခန်းရပ်ပြီးသည်ဖြစ်၍ အလွန်မောပန်းနွမ်း နယ်နေသော ကျောင်းသားဖြစ်ခဲ့လေသည်။

× × ×

## (၂)

"ကိုဖုန်းခင်ဗျို့ ကိုဖုန်းခင်"

သည်လိုပင် အောင်တင်သည် အလကားနေရင်း တကြော်ကြော်နှင့်

mgyoe.com

mgyoe.com


အရေးတကြီး ခေါ်တတ်သည်။ တစ်ခါတစ်ရံတော့ သူ့ဘာသာခေါ်မိသည် ဆိုတာကိုပင် မေ့နေတတ်ပြီး အခေါ်ခံရသူအနားရောက်လို့မှ ဘာပြောစရာ တစ်ချက်မရှိ ဖြစ်တတ်လေ၏။

ထို့ကြောင့် ကိုဖုန်းခင်သည် အောင်တင်က ခေါ်သံကို ဘယ်တော့မှ မိမိကို ရည်ရွယ်သည်လို့ အမှတ်မထား၊ အဖက်မပြု၊ တကယ်ပြောစရာရှိလျှင် အောင်တင်က ခေါ်ယင်း အော်ယင်း အနားရောက်လာရသည်သာပင်။ ထိုအခါအောင်တင်က စိတ်ဆိုးတတ်သေး၏။

"ကိုဖုန်းခင်–ခင်ဗျားက အညာသားချင်းချင်း၊ ဘာ တင်တာတုံးဗျ"

ကိုဖုန်းခင်က မပြုံးချင်ပြုံးချင်နှင့် ကြည့်နေစမြဲပင်။ ထို့ကြောင့်အောင်တင်က သူ့ကို လူဝါးဝတဲ့ လူဟူ၍ ဂုဏ်ပြုစမြဲပင်။

အောင်တင်သည် တကယ်တော့ ကိုဖုန်းခင်ကို အထင်ကြီး၏။ ဆရာတင်၏။ သူက အသက်လည်းငယ်သည်။ ကိုဖုန်းခင်လို တက်ကြွသော ပါတီဝင်လည်း မဖြစ်စဖူးခဲ့။ အတန်းမှန်မှန်အောင်၍ ကျောင်းသို့ တိုက်ရိုက်လာခဲ့၏။ သူသည် နုနယ်ပျိုမျစ်ဆဲပင်။ ကိုဖုန်းခင်၏ တရားဓမ္မများ၌ သက်ဝင်ခဲ့ဖူး၏။ ကိုဖုန်းခင်၏ ဝါဒစာအုပ် မှန်သမျှကို စောင့်၍ငှားကာ ဖတ်ကာ၊ သဘောကျကာဖြင့် ပြန်မပေးဘဲ သိမ်းဆည်းထားခြင်းဖြင့် ကိုယ့်ကိုယ်ကိုယ် ကွန်မြူနစ်ရယ်လို့ ဆိုသူဖြစ်ခဲ့၏။ ယခု လောလောဆယ်ဆယ်မှာ ကိုဖုန်းခင်ထက် အများကြီးတက်ကြွနေဆဲပင်။ သူသည် အမြဲမအားလပ်သော သမဂ္ဂခေါင်းဆောင်တစ်ဦးဖြစ်လေ၏။

"ကိုဖုန်းခင် ဗျို့ ကိုဖုန်းခင်"

အောင်တင်သည် ရေချိုးပြီးစ၊ ကိုယ်မှာ ရေပေါက်များနှင့် မျက်နှာသုတ်ပဝါကိုခြုံကာ၊ ကိုဖုန်းခင်၏ အခန်းဝသို့ ရောက်လာသည်။

"ခင်ဗျားက ဘာ လူဝါးဝတာတုံး၊ ဒီမှာ ခေါ်နေတာမကြားဘူးလား"

"မင်းအသံ မကြားတဲ့လူဟာ တော်တော်ပင်းတာပဲ"

"ခင်ဗျား ပြန်မထူးတာက အ,လို့လား"

"ဘာပြောမလို့လဲ"

"ဒီလ သမဂ္ဂအသစ်ပြန်ဖွဲ့ရမလေ–မသိဘူးလား၊ ကျွန်တော်တို့လူတွေ ဒီနှစ်တက်ဖြစ်အောင် တက်ရမှာပန်မယ်ဗျ၊ ညက ကျွန်တော်တို့နာမည်

mgyoe.com

mgyoe.com


စာရင်း လုပ်တယ်၊ ခင်ဗျားလည်းတစ်နေရာပါတယ်"

"ငါပါချင်တယ်လို့ ဘယ်သူက ပြောလဲ"

"ခင်ဗျားမပါလို့ ဖြစ်မလားဗျ"

"ငါမပါချင်ဘူး"

"ဘာဖြစ်လို့"

"ငါမပါချင်ဘူးထင်တယ်ကွ"

ကိုဖုန်းခင်က လက်ထဲမှ စီဂျွန်း၏ ရက္ခဗေဒစာအုပ်စိမ်းကလေးကို အဓိပ္ပာယ်မရှိမြှောက်ပြမိလေ၏။ **တကယ်တော့ သူလည်း လေလွင့်လာသူသာဖြစ်၍ လုပသော ပန်းပွင့်ကလေးများကို ပြိုင်ပွဲဝင်အလှမယ်များလို ကိုယ်လုံးတီးဖြစ်အောင် ပွင့်လွှာတစ်ချပ်စီ ခွာရန် စိတ်ဝင်စားသူမဟုတ်**။ သူလည်းသိ၍ အောင်တင်လည်းသိသော ထိုအကြောင်းကို သက်သက်ဆန့်ကျင်၍ အဖြေရှာပေးခြင်းသာဖြစ်၏။

"ဩ–ခင်ဗျားက စာတွေ ကြိုးစားမလို့ပေါ့၊ ဆရာဝန်လုပ်မလို့ပေါ့"

ကိုဖုန်းခင်ကပြုံးရယ်၏။ ပြီးတော့ အာရုံကြောများ ဘယ်လိုဖြစ်သည်မသိ၊ လွတ်ပြီးသိပ်ရယ်မောလိုက်ရာ သီးသွားပြီးမျက်နှာတစ်ခုလုံးနီလာလေ၏။ ထို့နောက်တစ်ဖက်သို့လှည့်ငေးကာ စိတ်မချမ်းသာခြင်းများ ထပွေနေပြန်လေသည်။

အောင်တင်က ဒီလူ အရင် ကိုဖုန်းခင်တော့ မဟုတ်ပြီဘူးဟု အကြိမ်တစ်ရာ့တစ်ကြိမ်မြောက် တွေးထင်မိဟန်နှင့် မျက်လုံးကို ပြူးပြဲကာ အံ့ဩဆဲပင်လိုကြည့်လေသည်။

"ငါဘာမှမလုပ်ချင်ဘူး အောင်တင်ရာ ဒီလိုပဲ နေချင်သေးတယ်၊ အေး–အိပ်ရာထဲမှာ ကျောင်းစာအုပ်ကလေး ရင်ဘတ်ပေါ် တင်ပြီး ဟိုငေးဒီငေးနဲ့ပေါ့၊ ကျောင်းလည်းမတက်ဘဲပေါ့၊ ဖဲလည်းမရိုက်ဘဲပေါ့၊ ငါမလှုပ်ချင်သေးဘူး"

သူတို့သည် ငြိမ်နေကြသည်။ အောင်တင်သည် ကိုယ်၌ ရေပေါက်ပေါက်ပင်ရှိသေး၏။ အခန်းထဲဝင်လာပြီး အူကြောင်ကြောင်ရပ်နေ၏။ သူတို့နှစ်ယောက်ကြား၌ နားမလည်သော တံတားရှည်ကြီးရှိသည်။ လျှောက်လို့တော့ရသည်။ တစ်နေ့တစ်ဖက်ကမ်းသို့ ရောက်မည်။ သို့သော်လည်း

mgyoe.com

mgyoe.com


ရုတ်တရက်မို့ အားနာသလိုရှိ၏။

အောင်တင်က "ဟေ့ ကိုဖုန်းခင် ညနေ ဘိုင်စကုတ်သွားမယ်ဗျာ"

"ကောင်းသားပဲ"

သို့သော်... ကိုဖုန်းခင်မလိုက်ဖြစ်ချေ။

သမဂ္ဂဖွဲ့စည်းချိန်နီးသည်နှင့် အားလုံးလှုပ်လှုပ်ရွရွဖြစ်လာသည်။ "မဲပေးကြပါ" ဟူသော ခေါင်းစဉ်အောက်၌ နာမည်စီတန်း၍စာရင်းပြရာ အောင်တင်တို့လူသိုက်အတွက် ကိုဖုန်းခင်၏ နာမည်လည်းပါလာသည်။ ကိုဖုန်းခင်ကမူ မဆိုမဆိုင်သလိုပင် နေသည်။ အောင်တင်ကို တပင်တပန်းလည်း မငြင်းဆန်လို။ ဟိုသည်အလုပ်များ၍ သွားစရာကားနှင့်လာခေါ်လျှင် ဆွဲချမည့်အကြိမ် လိုက်ဖြစ်၏။

"ပြီးတော့ အင်းလျားက တင်မမဆီသွားတွေ့ဦးဗျာ" ဟု အောင်တင်က ဆော်သြပြန်၏။

"တို့မြို့က တင်မမလား"

"ဒါပေါ့ဗျ–ခင်ဗျားကြီးကလဲ"

ကိုဖုန်းခင်သည် ဘာမှ ပြန်မပြောဘဲ ငေးနေလိုက်၏။ တင်မမနှင့် ညီအမတစ်ဝမ်းကွဲတော်သူ အဝင်းကို သွားသတိရသည်။ အဝင်းနှင့် သူတို့မြို့သိရပ်သိ သမီးရည်းစားဖြစ်ခဲ့သည်ကို ပြန်ပြောင်းတွေးတော၏။ သူတို့၏ ဇာတ်လမ်းမှာ အဖွဲ့အနွဲ့ဘာမှမပါချေ။ ၇ တန်းကျောင်းသားချင်း ငယ်ငယ်ရွယ်ရွယ်မှာကြိုက်တတ်စမို့ ကြိုက်ခြင်းတည်း။ သူငယ်ချင်းလိုပင် ကစားလိုက်၊ ရန်ဖြစ်လိုက်၊ စာကျက်လိုက်နေ၏။ ကိုဖုန်းခင်မှာ ငယ်ငယ်က စာတော်သူဖြစ်၍ အဝင်းကို စာပြပေးရ၏။ အဝင်းနှင့် အမှတ်လုခဲ့၏။ သူပါတီဝင်ဖြစ်လာသော် အဝင်းသည် အရာရှိသမီးစိတ် ကောင်းစွာပေါက်လေပြီ။ နှစ်ယောက်သား ခပ်တန်းတန်း ဖြစ်လာဆဲ အဝင်းသည် ကျောက်ပေါက်၍ သေသည်။ မောင်နှမလိုခင်သူများမို့ ကိုဖုန်းခင်လက်မောင်းများကြားမှာ လူးလိမ့်ပြီး သေခွင့်ရသည်။ ကျောက်ပေါက်သူ အနားသို့ ကပ်လိုသူ ပွေ့ပိုက်လိုသူရှားသည်ကလည်း တစ်ကြောင်းဖြစ်မည်။ လူအပေါင်းက ကိုဖုန်းခင်ကိုအကဲခတ်၏။ ကိုဖုန်းခင်၌မူ ပူပန်စိတ်မရှိချေ။ သူ့ဘာသာလည်း မအံ့သြချေ။ အကြောင်းမှာ သူသည် အဝင်းကို တကယ်တမ်းမချစ်ဖူးသော

mgyoe.com

mgyoe.com


ကြောင့်တည်း။ အဝင်းခံစားရသော ဝေဒနာကို စာနာကြင်နာ၏။ မြန်မြန် သေပါစေတော့ဟု ဆုတောင်းပေး၏။ မသာချပြီးသော် ပါတီသို့ ပြန်ကာ အားနာစရာ လူမရှိပြီဖြစ်၍ လွတ်လွတ်ကျွတ်ကျွတ်လုပ်၏။ လွမ်းတတ်သူ များက "အို မောင်ဖုန်းခင်လား ရည်းစားသေပြီး ကတည်းက ခေါင်းစုတ်ဖွား နဲ့ နိုင်ငံရေးသမားကြီးလုံးလုံးဖြစ်ရှာတာပါပဲကလား" ဟု အသံတိမ်တိမ်နှင့် မှတ်ချက်ပြုလေသည်။ ကိုဖုန်းခင်ကတော့ သည်စကားကို ကာလကြာမှ ကြားလေသည်။ သူ့၌ ဘာမှချေပစရာ၊ ရှင်းလင်းစရာမရှိဟု ထင်လေသည်။ တိတ်တိတ်ပင် နေသည်။

တင်မမသည်လည်း လွမ်းတတ်သူတစ်ယောက်ပေလားမသိ၊ သို့သော် ယခုကိစ္စမှာ သမဂ္ဂအမှုဆောင် ရွေးပွဲ၌ မိမိနာမည်ပါသော အောင်တင်တို့ လူသိုက်ကို မဲဆွယ်ပေးဖို့ တိုက်တွန်းရန်သာတည်း။ တင်မမသည် အဝင်းအ ကြောင်း ပြန်ပြောနေလည်း ကိုဖုန်းခင်က နားထောင်ဖို့ မပင်ပန်းပါချေ။ အထူးသဖြင့် သူသည် နားထောင်နေသလိုနှင့် ဘာမှမကြားဘဲ နေနိုင်သော သတ္တိရှိသည်ဖြစ်၍ ပူပင်စရာမရှိ။ နောက်ပြီးတော့လည်း မိမိ၏စိတ်၌ ထိခိုက် စေအောင်မတတ်နိုင်သူ တစ်ယောက်အကြောင်း ပြန်လည်တမ်းတသံကို ကြားရမှာ ပျင်းတာတစ်ခုသာပင်။

ကိုဖုန်းခင်သည် အင်းလျားဆောင်သို့တော့ ရှောရှောရှူရှူ သွားလို၏။ သူသည် မိန်းကလေးများ ဘယ်လိုနေသည်ကို သိချင်၏။ အလှအပ ကလေး များ မြင်ချင်သည်ကို ဝန်ခံ၏။ ရုပ်ရှင်ကြည့်ရသလို စိတ်ပြေလက်ပျောက် ဖြစ်မလားလို့ မျှော်မှန်း၏။ ပြီးတော့ အင်းလျားဆောင်ဆိုတာကိုလည်း ရောက် ဖူးချင်သည်။

အင်းလျားဆောင်ရှိ တင်မမထံသို့ လှသောင်းနှင့်သွားရ၏။ လှ သောင်းလည်း ပေါင်းလို့ကောင်းသူ ကိုယ့်မြို့သားပင်။ လှသောင်းသည် သူ့ ထက် ၃-၄ နှစ်ကြီးသော်လည်း ဟိုက်စကူးတွင် အောင်တင်နှင့်အတန်းတူ ဖြစ်ရာ ကိုဖုန်းခင်က ကိုယ့်ထက်ငယ်သူလိုပင် သဘောထား၏။ လှသောင်း သည် ရိုးအ,ထူထိုင်းသော်လည်း ကြံ့ရာမဂ္ဂဇင်း၌ ဝတ္ထုတိုများရေးသူတည်း။ သူ့ဝတ္ထုများကို ကိုဖုန်းခင် ဘယ်တော့မှ မကြိုက်၊ မကြီးရင့်ဘူးဟုထင်သည်။ ကြိုကြားစပ်သော ကဗျာကလေးများကိုတော့ တစ်ချက်တစ်ချက် နှစ်သက်၏။

mgyoe.com

mgyoe.com


အလိုအလျောက်ရတတ်၏။

"သေဆိုသည် သစ်ရည်မွေးပါဗျ၊
တမင်သူလာနွေးပါမှ၊
ရင်တွင်ကြင်သူထွေးရသည်သို့၊
နွေးလောက်ကဲ့အသွင်မှာ၊
ဆေးမကြောက်သမို့၊
အကြွေးသောက်ချင်ချင်"

သို့သော် လှသောင်းသည် အရက်နံ့ခံလို့ရသူမဟုတ်၊ မိန်းမလေးကစ၍ ပြောလို့ မေးလို့မှလည်း ဖြောင့်ဖြောင့်စကားထွက်တတ်သူမဟုတ်၊ ဘယ်သူ့ကိုမှလည်း တစ်ဖက်သတ်တောင် ချစ်ဝံ့ကြိုက်ဝံ့သူမဟုတ်၊ **ကြောင်ခေါင်းကို ပုဆိုးစွပ်၍ခြုံပေးလိုက်သလို မျက်မှန်ထူထူ မမြင်မကန်းနှင့် ဘာလုပ်လုပ် ကြောက်ဆုတ်ကြောက်ဆုတ် နောက်သို့သာ ယုတ်သူတည်း**။ လှသောင်းနှင့်ဆိုလျှင် စာအုပ်အကြောင်း ပြောဖြစ်သည်။ လှသောင်းက အင်္ဂလိပ်စာအုပ်များ လာပေးတတ်သည်။

သည်လိုလူနှင့်သွားရသည်မို့ တင်မမနှင့် တွေ့ရာမှာ စကားစဆိုရသူမှာ ကိုဖုန်းခင်သာပင်။ စကားပြောလို့မကောင်းလှ၊ ပြတ်တောင်း ပြတ်တောင်း ရှိသည်။ အင်းလျားဆောင် ဧည့်ခန်းမ၌ နာရီဝက်လောက်ထိုင်ရသောအချိန်မှာ ကိုဖုန်းခင်သည် လူ့ဘဝကို စိတ်အပျက်ကြီးပျက်လျက်ရှိသည်။ ပျင်းလှချည်ရဲ့လို့ ငိုညည်းလိုက်ချင်သည်။ ကိုယ့်ဘဝရဲ့ ဟာလာဟင်းလင်းနိုင်ပုံကို မြင်လှသည်။ အလှအပကို အင်းလျားဆောင်၌ ရှာမတွေ့၊ အလှအပသည် ရင်ကိုချီ၍ ခြေဖျားထောက်ကာ လမ်းလျှောက်ခြင်းလား၊ မာနကြီးသောမျက်နှာအမူအရာမှ ဆေးနီရောင်လား၊ ယောက်ျားလေးကို ခေါ်သွေးမြူဆောင်ခြင်းလား၊ နွမ်းနယ်နေသော ကိုဖုန်းခင်က ပန်းပမာရင်ကိုအေးစေသည့် အလှ၊ ပတ်ဝန်းကျင်မှာ ကြိုင်လှိုင်မွေးတဲ့အလှကို မြင်ချင်သည်။ အလိုမရှိပါ။ မပိုင်ဆိုင်လိုပါ။ ခဏပဲမြင်ပြီး ထွက်ခွာသွားစေချင်သည်။ လိပ်ပြာကလေးကို လက်ခုပ်၌ ခဏဖမ်းလိုသော သဘောသာတည်း၊ အမြဲယူထားဖို့ရာ ထည့်စရာဘူးမရှိ။ ယုယလို့လည်းမအား၊ ခုထိ မလှုပ်ချင်သေးပါဘူး။ ပျင်းလှသေးသည်။ ပြီးတော့ မောသည်။

mgyoe.com

mgyoe.com


တင်မမက ပြောစရာကုန်ပြီလို့ နေရာက ဖြုန်းခနဲ သတိရလာသေးသည်မှာ

"မေမေစိန်တစ်ယောက်လည်း အင်းလျားရောက်နေတယ်"

"ကျွန်တော်တို့ မြို့သူလား"

"အို… မေမေစိန်ကို မသိဘူးလား"ဟု တင်မမက မျက်ခုံးပင့်၍မေး၏။ "ဗမာတစ်ပြည်လုံးမှာ ဆယ်တန်းစာမေးပွဲမှာ ပထမရတဲ့သူလေ။ ရှင်တို့နဲ့ အတူတူ အောင်တာပဲ၊ ကျွန်မတို့ထက် နည်းနည်းငယ်မယ်။ ဗမာစာက လွဲလို့ ကျန်တဲ့ ၄ ဘာသာမှာ ဂုဏ်ထူးရတာပဲ"

"ကြားဖူးပါတယ်"

"သူလည်း ဘိုင်အိုယူတယ် ထင်တယ်"

လှသောင်းက ဝင်၍ "ပြုးဝါးဆိုင်းယင့်စ်ပါ"

"ဒါပေမဲ့ ကယ်မစ်ထရီနဲ့ ဖီးဇစ်မှာ ဆုံမှာပေါ့"

ကိုဖုန်းခင်က ဘာများ အစစ်အမေးထူနေပါလိမ့်ဟု အံ့သြယင်း "ကျွန်တော်က အတန်းမှန်မှန်မှ မတက်တာ" ဟု ဖြေ၏။

"တစ်ခါမှ မမြင်ဖူးသေးဘူးပေါ့"

"မမြင်ဖူးသေးပါဘူး"

"သြော် ဒီလိုပါ၊ ကိုဖုန်းခင်က ဘယ်မိန်းကလေးမှ ဂရုသိပ်မစိုက်ဘူးလို့ ကျော်နေလို့၊ ဒီမိန်းကလေးတော့ ဂရုစိုက်လောက်တယ်ထင်လို့ပါ"

တင်မမက ရောဝင်ပြုံးကလေးပြုံးလေ၏။ ကိုဖုန်းခင်က မိမိကိုယ်၌ မိမိပင် စိတ်ဝင်စားခြင်းလျော့ပြယ်နေရာ၊ အံ့အားသင့်ရ၏။ "ဟာ ဘာကြောင့် ဂရုမစိုက်နေရမှာလဲဗျာ၊ အထူးသဖြင့် လှရင်ပေါ့" စသည်ဖြင့်ရယ် ရွှန်းလိုက်ဖို့ ကောင်းတာကိုလည်း သတိရ၏။ သို့သော် ထုံးစံအတိုင်းပင် ဒီလိုပြောရမှာလည်း ပင်ပန်းလှသည်ထင်ပြီ။

"မေမေစိန်က ရှင့်ကို သိတယ်တဲ့"

သည့်အတွက် ဝမ်းသာရမှာလား ထုံးစံရှိလေသလား၊ ကိုဖုန်းခင်သည် ဘာမှပြန်မပြောဖြစ်ပြန်ချေ။ သူ့ဘဝ ရက်ကန်းရှယ်ရာမှာ မေမေစိန်ဆိုသူ ယခုစတင်လို့ နာမည်ကြားဖူးသူကလေးသည် အတိုင်ချည်တစ်မျှင်လား၊ အဖောက်ချည်တစ်ပင်လား၊ တောက်ပြောင်သော အရောင်အဆင်းကို ဖော်မ

mgyoe.com

mgyoe.com


လားရယ်လို့ တွေးမှားစရာ ဘာတစ်ခုမှလည်း စိတ်မဥပါဒ်မိသေး၊ အင်းလျား ဆောင်မှ မထွက်ခွာခင် တင်မမနှင့် နောက်ထပ် စကားသုံးလေးလုံးပြောရ စဉ်မှာပင် ထိုနာမည်ကို မေ့ပျောက်သွားပြီး နဂိုနေပင် စိတ်ဝေတောတေရှိလေ သည်။

သို့သော် မေမေစိန့်နာမည်ကို ထပ်၍ကြားရသေး၏။ အင်းလျား ဆောင်မှ ထွက်ထွက်ချင်းပင် လှသောင်းက "မေမေစိန်ဆိုတာ သိပ်နာမည် ကျော်နေတာပဲဗျ၊ လှလည်းလှလားပဲမို့ ထင်ပါရဲ့၊ ဉာဏ်သိပ်ကောင်းသတဲ့၊ ပရော်ဖက်ဆာ လှဘူးကတောင် ဒီခေါင်းမျိုး တစ်ထောင်တစ်ယောက်မရှိဘူး လို့ ပြောဆိုပဲ" ဟု သတင်းပေးပြန်သည်။

"ဟောလီဝုဒ်က ဆံပင်ကောက်နဲ့မို့ ထင်ပါရဲ့ ဟုတ်လား"

"ဟုတ်တယ်ဗျ၊ ဆံပင်ကဖြတ်ပြီး ကောက်ထားတာ တိုနေတယ်၊ ကျွန်တော့်မျက်စိထဲတော့ မလှပါဘူး၊ ဘိုကေလိုလိုနဲ့" ဟု ထိုင်းမှိုင်းစွာသော အဖြေကိုရလေသည်။

ကိုဖုန်းခင်က ပြုံးရယ်လိုက်ရာ လှသောင်းက ဂရုမစိုက်ဘဲ

"ခင်ဗျားကို ဘယ်လိုသိနေတာလဲ မသိဘူး၊ ကောင်မကလေးက ခပ် တည်တည်ဗျ၊ အံမယ် သူကသိတယ်ဆိုရင် ဝမ်းသာမယ့်လူတွေ တစ်ပုံကြီး ဗျား"

"မင်းလည်း ပါမပေါ့"

ဤနည်းဖြင့် လှသောင်း၏ နှုတ်ကို နာရီတစ်စိတ်ခန့် တိတ်ဆိတ်စေ လိုက်ရ၏။ တကယ်လည်း ကိုဖုန်းခင်သည် ငြီးငွေ့မိသည်။ သူသည် အများ တကာစိတ်ဝင်စားရာ၌ မဝင်စားနိုင်ချေ။ သည့်အတွက် ကိုယ့်ကိုယ်ကိုယ် အထင်ကြီးဖို့ ဖြစ်လေသလားတော့ မပြောနိုင်ချေ။ ထိုခဏ၌ အားလုံးသော အသံဗလံစကားအစုံကို သိမ်ဖျင်းသည်ဟု ထင်လာသည်။ လွတ်ရာကျွတ်ရာ သွားချင်လာသည်။ သွားစရာ ဘာမရှိသည်ကိုသာ သတိရ၏။ ကျန်ခဲ့ရာ လယ်ကွင်းများ၊ ဆင်းရဲချာတေသူများဆီ ပြန်သွားမလား၊ ပြန်၍မရပါ မရပါ။ သူ့၌ ဘာလုပ်ချင်သော စိတ်ရယ်လို့မရှိ၊ အားလုံးသော ယုံကြည်တွယ်တာ ခြင်းများသည် ပျက်ပြယ်ခဲ့ပြီလေ။

တော်ပါတော့၊ တော်ပါတော့ဟု သူဆိုလိုက်ချင်၏။ ဘာတွေတော်ရ

mgyoe.com

mgyoe.com


မလဲဟု မေးလျှင်တော့ သူသည် အားလုံးတော်ပစ်လိုက်ပါတော့’ဟုသာ မသဲမကွဲဖြေတတ်မည်။ အမှန်တော့ ယခု သူ သေဆုံးသွားမှ အားလုံးတော်လို့ ရမည်လေ။ ပြီးတော့ တော်ပါတော့ ဆိုရုံနှင့် တော်ရိုးလား ဖုန်းခင်ရေ့။

အနည်းဆုံး မေမေစိန်ကတော့ မတော်ချေ၊ သူတို့သည် အင်းဝဆောင်ကို တိုက်ရိုက်မဝင်ဘဲ ဖြတ်ကျော်လာပြီး သတ္တဗေဒ စာသင်ခန်းများဆီ သက်သက်ပင် ဆက်လျှောက်လာရာ သတ္တဗေဒဌာနဆိုင်ရာ နို့တစ်ဘုတ်မှာ လူအုံနေသည်ကို တွေ့လေ၏။

“ကိုဖုန်းခင် ခင်ဗျားကို ဒေါက်တာ လှကျော်ခေါ်ထားတယ်ဗျို့” ဟု အသံတစ်သံက လှမ်းပြော၏။

လှသောင်းက ဝင်ကြည့်သည်နှင့် ကိုဖုန်းခင်ကလည်း ကြည့်ရ၏။ တကယ်တော့ ဘာကြောင့်ခေါ်မည်ကို မှန်းဆနိုင်၏။ သူသည် လက်ချာမှန်မှန်မတက်သည်ထက် လက်တွေ့ဖားခွဲခန်းသို့ တစ်ခါမှပင် မဝင်ဘူးသည်ဖြစ်ရကား စာကျက်မှန်ရ၊ အတန်းတက်မှန်ရသော ဘာသာစုံမျိုးမို့ အရေးယူနိုင်ခွင့်ရှိသည်တည်း။

“ဟော ဒီမှာဗျ၊ ဟင် မေမေစိန်က ဘိုင်အိုပြောင်းယူတာကိုး” ဟု လှသောင်းကထောက်ပြ၍ ကြည့်သော် ဒေါက်တာလှကျော်နှင့်လာတွေ့ရန် ခေါ်ထားသည့် စာလုံးကြီးနှင့် နာမည်နှစ်လုံးမှာ မောင်ဖုန်းခင်နှင့် မေမေစိန်တို့ ဖြစ်သည်ကို တွေ့၏။ သည်တော့မှ လူအုံနေခြင်းအကြောင်းရင်းကို သဘောပေါက်သွား၏။

မေမေစိန်၌ စိတ်ဝင်စားသော ကျောင်းသားအများက နို့တစ်စာအေားမှာပင် အော်ကျယ်ဟစ်ကျယ်ပြောသေး၏။

“မေမေစိန် နှမြောစရာဗျာ”

“မိန်းကလေးဆိုရင် ကောလိပ်ရောက်ပျက်တာပဲ”

“ရောက်စက စာကျက်သေးတယ်ဗျ၊ အမှတ်အများဆုံးဆို သူချည်းရတာပဲဟာ။ ကျွန်တော်တို့များ သုညအောက်က အနုတ်လက္ခဏာတောင်ရသေး”

“ဟာ ဟိုဖြူဖြူပိန်ပိန် သချ်ာနည်းပြဆရာနဲ့ တွဲနေတာပဲ၊ ဘယ်စာကျက်နိုင်တော့မလဲ”

mgyoe.com

mgyoe.com


"ကိုတင်ထွန်းလေ... ကိုတင်ထွန်း"

"အေးဗျ အဲဒီ ကိုတင်ထွန်းနဲ့ ရုပ်ရှင်ရုံတကာ ရောက်နေတာပဲ"

"မေမေစိန်က မေမြို့ကွန်ဗင့်ထွက်မို့ တွဲတော့ တွဲတာပဲ ဒီတစ်ယောက်တည်း မဟုတ်ပါဘူး"

"တွဲနည်းပေမယ့် အမျိုးမျိုးရှိတယ် ခင်ဗျာ့ရဲ့"

"ဟုတ်ကဲ့လား ခင်ဗျာ့ရဲ့" ဟု ကိုဖုန်းခင်သည် စိတ်ထဲမှာ ပြက်ရယ်ပြောလိုက်ပြီး အလိုလိုဒေါသထွက်လာကာ "လာဗျာ သွားမယ်" ဟု လှသောင်းကို ဆွဲခေါ်ခဲ့သည်။ မေမေစိန် မေမေစိန်၊ ဘာမေမေစိန်တုံး။ တစ်ယောက်လာလည်း မေမေစိန်၊ မေမေစိန် ဘယ်သူနဲ့တွဲလို့ ဘယ်သူနဲ့ ညားတော့ကော ဘာဖြစ်သလဲ ဘယ်သူ့အပူတုံး။

ဘာဖြစ်သလဲ ဘယ်သူ့အပူလဲဆိုတာ နောက် ၅ နှစ်– ၆ နှစ်တို့သည် ၅ လ ၆ လပမာ မြန်ဆန်စွာ ကုန်သွားကြသော် ကိုဖုန်းခင်ကောင်းစွာ ပြောပြနိုင်ခွင့်ရလာပေသည်။

× × ×

## (၃)

သမဂ္ဂရွေးကောက်ပွဲ၌ ကိုဖုန်းခင်တို့ ရှုံးနိမ့်၏။ ကိုဖုန်းခင်အဖို့တော့ ကိုယ့်လူတွေအတွက် ဝမ်းနည်း၏။ အောင်တင်နှင့်လှသောင်းတို့ ဆူပူဆဲရေးနေသည်ကို သနား၏။ သူတို့စိတ်ထိခိုက်သည်ကို နှစ်သိမ့်လို၏။ သူတို့ရဲ့ စေတနာ အရာမရောက်ဖြစ်ရတာကို အားနာ၏။ မိမိအဖို့တော့ ပြီးသွားတာကိုပဲ အေးချမ်းတယ်လို့ ကျေးဇူးတင်ရသည်။ ပြီးတော့ သူတို့ကိုလည်း ခွဲမရအောင် ခင်မင်လာပြီး သူ့စိတ်သည်နည်းနည်းဖြစ်စေ ဆောက်တည်ရာ ရလာသည်။

ထိုအခါ ရုပ်ရှင်မှန်မှန်ကြည့်ဖြစ်၏။ ဝတ္ထုမဂ္ဂဇင်း ဝယ်ဖြစ်ဖတ်ဖြစ်၏။ သူတစ်ပါးတို့ ဘာလုပ်နေကြ–ဖြစ်နေကြသည်ကို သိမြင်စိတ်ဝင်စားလာ၏။ ကိုဖုန်းခင်နှင့်လှသောင်းသည် သို့လျှင် ပျော်ရွှင်ခြင်းကို ဆူးလေဘုရားလမ်း၌ ရှာ၍ရကြ၏။

အောင်တင်ကမူ သူတို့နှင့်ခွဲထွက်စရာ လမ်းတွေအများရှိသူတည်း။

mgyoe.com

mgyoe.com


သူရဲ့ ညစခန်းများမှာ မိန်းမနှင့်မကင်း၊ မသန့်ရှင်းချေ။ သူသည် နွေဦးလေလို ပွေ၏။ ကြိုကြိုကြားကြားရောက်၏။ တစ်ခါတစ်ရံ ကိုဖုန်းခင်တို့ကို အတင်းအဖော်ခေါ်သည်။ နှုတ်၌ အရက်နံ့ပြင်းပြချိန်ကြုံက ဆဲချင်ဆဲ၏။ ညစ်ညမ်းချင် ညစ်ညမ်း၏။ ကိုဖုန်းခင်သည် စိတ်ရှုပ်သည့်ကြားကပင် ခွင့်လွှတ်ရ၏။ ယောကျ်ားတစ်ယောက် အပျော်ရှာသည် ဆိုတာကို နီးကပ်စွာ ပထမဆုံးတွေ့ဖူးရခြင်းကြောင့် သူ့စိတ်၌ ထိခိုက်ကာ အောင်တင်နာမည်ကို ကြားတိုင်း တသီတတန်း သတိရစရာတွေ ရှိလာရသည်။ သည်လိုပင် မကောင်းမှုဆိုသည်မှာ ပုဂ္ဂိုလ်မင်း၌ အသွင်ယူသဖြင့် တရားခင်ကြသည့် အဖြစ်သို့ ရောက်စေသည်ထင်ရဲ့။ နဂိုကမာရ်နတ်ကို ယခုလောက် နီးကပ်စွာတွေ့ရလျှင် ချစ်သူငယ်ချင်း အောင်တင်၌သာ ပူးကပ်မလာလျှင် သူသည် အတော်ပင် ချောက်ချားမိမည်ထင်သည်။ ရွံရှာခြင်းလည်းဖြစ်မည်ထင်သည်။ ယခုတော့ ယခုတော့ အောင်တင်သည် ထူထိုင်းသော လှသောင်းကြီးကိုပင် တစ်ခါတလေ အဖော်ခေါ်လို့ ရနေပေပြီ။

ကိုဖုန်းခင်ကား စိတ်တွေလေလျှင် တွယ်တာစရာ ဖြုန်းခနဲလွတ်ကင်းသွားလျှင် အောင်တင်ကို မျက်လုံးလှန်၍ ကြည့်မိသည်။ သူသည်သမာဓိပျက်ပြယ်ချင်ပြီဆိုတာ ကောင်းစွာသိ၏။ သို့သော် ဘယ်သူက ဂရုစိုက်စရာတုံး။

သမာဓိပျက်ပြယ်သည်ကို ဂရုစိုက်သော ၊ မကြိုက်လေသော သူကား အနည်းဆုံး တစ်ယောက်တော့ ရှိသည်ကို ကိုဖုန်းခင်နောက်များ မကြာခင် သိရ၏။ သိရပုံမှာလည်းယဉ်၏။ သူကျက်စားရာ ပြီးတော့ စာမကျက်တော့သော စာတော်သူ တစ်ယောက်လည်း အဖော်မရှိလျှင် တစ်ယောက်တည်းပင် ကျက်စားရာ ရုပ်ရှင်ရုံမှာပင်။

မတော်တဆတွေ့တာတော့ မဟုတ်ပါဘူးဟု ကိုဖုန်းခင်ဆိုရဲ၏။ သူတို့နှစ်ယောက်သည် စင်စစ် တစ်ယောက်ထံ တစ်ယောက်မျက်စိမိုတ်ထားလည်း မလွဲနိုင်စွာ လာနေကြခြင်းပင်၊ ကိုယ့်ဘာသာကိုယ် စီမသိကြဘဲ တွေ့ဖို့ကြိုးစားနေကြခြင်းပင်။ ကောလိပ်သို့လည်း တစ်နှစ်တည်းရောက်၏။ ဘာသာစုံယူပုံ ချင်းလည်းတူ၏။ အင်းလျားနှင့် အင်းဝလဲနီး၏။ ဒါတွေထက် အကျင့်စာရိတ္တချင်းတူ၍ ရုပ်ရှင်မှန်သမျှကို အလကားနေရင်း ကြည့်နေကြ

mgyoe.com

mgyoe.com


လျှင် ဤကျဉ်းမြောင်း၍ လွတ်ပြေး၍မရသော ဘဝလမ်းချောင်တစ်ကွေ့၌ ဘာ ကြောင့် မတွေ့ဘဲနေလို့ရမည်လဲလေ။

တွေ့ကြသော် အချိန်သည် ည ၉ နာရီခွဲလုပြီ။ ရုပ်ရှင်ရုံ၌ အဝင်နှင့် အထွက် ကျပ်ဆဲပင်ရှိသည်။ ထွက်လာသူ ပရိသတ်၌ မိန်းမအများကို စိတ်ဝင်စားလျှင် ကြည့်မြင်နိုင်သေး၏။ အတူသွားသူ လှသောင်းက မျက်မှန်ထူထူထဲမှ မရဲမဝံ့ ကြည့်မြင်သည်။ နောက် ကိုဖုန်းခင်ကိုလက်တို့လေ၏။

"ဘာလဲ"

"တိုးတိုးပြောပါဗျ... ကြားသွားမယ်"

"ဘယ်သူလဲ"

"မေမေစိန်လေ... ဟောဟိုမှာ အသားဖြူဖြူဟာဗျာ အရပ်မြင့်မြင့်လေ ပိန်ပိန်ဟာမှတ်ဖူး။ တုတ်တုတ်ဟာ ထွားထွားတောင့်တောင့်ဟာဗျာ"

"လှသားပဲ" ဟု ကိုဖုန်းခင်က လွယ်လွယ် ပြောလိုက်သော်လည်း သည်မိန်းကလေးမှာ လှတာမလှတာထက် ပြောပြစရာ အချက်ကလေးတွေ ရှိသေးသည်ကို သတိပြုနေသေး၏။ ဥပမာ သူ့မျက်နှာထားကြည်စင်ပုံရယ် သူ့မျက်လုံးများ ရဲဝံ့ပုံရယ်၊ ကိုယ်နေလက်ထား မူရာမာယာမများပုံရယ်ပေါ့။ ပြီးတော့ ထူးထူးဆန်းဆန်းပင် သူ့နားရွက်နောက်က ကောင်းစွာ ထင်လှသည် လည်း မဟုတ်သော မှဲ့တစ်လုံးကိုမြင်သည်။

"စိတ်ရောလူပါ ကျန်းမာသန့်ရှင်းတဲ့ ရုပ်ပဲ" ဟု ချီးမွမ်းမိလေ၏။ လှသောင်းကသူ့ကို ကြည့်ပြီးလေးကန်စွာ ပြုံးရယ်လေ၏။ ကိုဖုန်းခင်ကမျက်နှာအနည်းငယ် ထူပူချင်သွား၏။ လှသောင်းကိုလည်း စိတ်နည်းနည်းခု၏။ ငါ့စကားက ဘယ်သူ့ကိုအန္တရာယ်ပြုလို့တုံး"

"မကြိုက်ချင်လားဗျာ" ဟု လှသောင်းက ပြောင်လေ၏။

ကိုဖုန်းခင်က တိတ်ဆိတ်စွာနေသည်။ သို့သော် မေမေစိန်ကိုပင် ကြည့်နေသည်။ လှတယ်ဆိုတာ ဒါပဲ၊ နှုတ်ခမ်းမဆိုးဘဲ ဆံပင်မကောက်ဘဲ မန်းဆန်ဆန် ပိုးရင်ဖုံးနဲ့ဆို သိပ်ကိုလှမှာဟု အညာတွေးတွေး၏။ ဆံမြိတ်ဆံထုံးကလေး ထုံးခိုင်းပြီး လက်နဲ့ ရွရွ ဘိတ်စပယ်ဖြူတစ်ပွင့်ကို ဆင်သပေးလိုက်ချင်ရဲ့ဟု စိတ်ကူးယဉ်လာ၏။ ပြီးတော့ တွေးစရာတွေများလာ၏။ သူဘယ်သူနဲ့ လာသလဲ၊ ဘေးက လင်မယားက သူ့အစ်မလင်မယားနဲ့ တူ

mgyoe.com

mgyoe.com


သည်၊ ရုပ်ချင်းဆင်သည်။ ညပွဲမှာ ယောကျ်ားသူငယ်ချင်းနှင့် တွဲမလာလို့၊ ဘာပဲဖြစ်ဖြစ် ကိုဖုန်းခင် စိတ်သက်သာ၏။ ကြည့်ရင်းပင် သူကလေးမျက်လုံးများကို သဘောကျလာ၏။ သိပ်ရွှန်းပတယ်၊ ကြည့်ပုံရိုးတယ် ရဲတယ်။ ဉာဏ်ထက်သန်ပြီး သူတကာထက် ပိုလို့ မြင်တတ်တဲ့ မျက်လုံးမျိုးပေါ့၊ ခုည အခါ မီးရောင်မှာ ကြည်နေပုံထောက်တော့ နေ့လယ်ဆိုရင် ညိုညိုနေမယ် ထင်ရဲ့၊ ဒါပေမဲ့ တစ်ချက်တစ်ချက် မျက်မှောင်ကုတ်ပြီး ဖျတ်ခနဲ လက်လိုက်ရင်တော့ တေချင်ရင် တေတတ်တဲ့ သတ္တိကလေးနဲ့ပေါ့လေ။ နှာခေါင်းက ဂရိတ်ကျောက်ရုပ်နှာခေါင်းမို့ ဗမာ့အကြိုက်တော့မဟုတ်ပေဘူး။ ကိုဖုန်းခင်အဖို့တော့ စိတ်မရှိပါ၊ သည်အတိုင်းလည်း လှပါသည်။ နှုတ်ခမ်းများကတော့ ခုမနက် ကောင်းစွာပွင့်သော နှင်းဆီပန်းလိုပင်။ စိတ်သဘောသေးငယ်တတ်၍ မိန်းမဆန်လွန်းသော သေးနုခြင်းလည်းမရှိ။ ရန်တွေ့ကောင်း၍ ဆရာလုပ်တတ်သော ပါးလွှာခြင်းလည်းမရှိ။ ကောင်းသောစကားကို ဆိုတတ်သော သိမ်ဖျင်းသော စကားကင်းပသော နှုတ်ခမ်းမျိုးတည်း၊ ယောကျ်ားဆန်ဆန်တည်း၊ အနည်းငယ်နူးညံ့ရုံသာတည်း။

သည်လို ကိုဖုန်းခင်က ဖွဲ့နွဲ့လို့မဆုံးခင်မှာ မေမေစိန်တို့သည် ရုပ်ရှင်ရုံအထက်ထပ်သို့တက်ရန် ပြင်သည်ကိုမြင်၏။ ၉ နာရီခွဲပွဲကြည့်မည်မှာ သေချာ၏။ ကိုဖုန်းခင်သည် ဇာတ်လိုက်ဆန်ချင်လာပြီး စကားသွား ပြောလိုက်ချင်သည်။ ပြောစရာရှိသည်လေ၊ သို့သော် နောက်ကျသွားပြီ။ မိမိလည်း စိတ်ဆုံးဖြတ်မရသေး၊ မေမေစိန်တို့ အပေါ်တက်သွား၏။

ရုပ်ရှင်ပြနေသည့် တစ်ချိန်လုံးမှာ ကိုဖုန်းခင်သည် စိတ်အနှောင့်အယှက်ဖြစ်သည်ကို ဝန်ခံရ၏။ စကားအချီအချ ပြောသည်တို့ကို လွတ်လွတ်သွား၏။ သီချင်းဆိုလျှင်တော့ သာယာဖူးသမျှထက် အထူးသာယာ၏။ ပျော်ရွှင်ဖို့ စ,ပြီလားလေရယ်လို့လည်း မျှော်မှန်းရာ၏။ ဟုတ်ပါရဲ့ ချစ်ခြင်းမေတ္တာဆိုသည်မှာ အကျိုးနပ်သည်ဖြစ်စေ မနပ်သည်ဖြစ်စေ၊ လူ့ဘဝကိုတော့ အဓိပ္ပာယ်ရှိစေသည်။ ကိုဖုန်းခင်က လေလွင့်ရာမှ တစ်စခန်းစချင်ပြီ၊ လာလေသမျှအတွက်တော့ နှုတ်ခမ်းကိုက်၍စောင့်လင့်မည်။

ရုပ်ရှင်ပြီးသွားလျှင်တော့ ကိုဖုန်းခင်သည် ယခုတစ်ခဏမှစ၍ နောက်အစစအတွက် သတ္တိဆောင်ပြီးပြီမို့ ကိုယ့်စိတ်နှလုံးကို သိပ်စစ်ဆေးခြင်းမပြု။

mgyoe.com

mgyoe.com


အတွေးပေါင်းလည်း ပတ်လည်သီဝေဝေနှင့်ပင်။ လှသောင်းကို ဆွဲ၍ မြန်မြန်ထွက်ကာ အပြင်မှ စောင့်သည်။ "တစ်ချီတည်းနဲ့ စွဲလောက်ပါရဲ့လေ" ဟု လှသောင်းက ပြောင်ဆဲပင်။ သို့သော် ကိုဖုန်းခင်သည် မေမေစိန်တို့ ထွက်လာပြီး ခဏရပ်သည့် နေရာသို့သွားလျှင်တော့ နဂိုက မထင်မှတ်သည် လည်းဖြစ်၍ လန့်ဖျပ်ကာ ကျန်ရစ်၏။ လိုက်လာဖို့လည်း မကြိုးစားဘဲ နေရာမရွေ့ ရပ်၍စောင့်လေသည်။

"ကျွန်တော့်နာမည်က ဖုန်းခင်ပါ" ဟု သူတည်ကြည်စွာ ပြောလိုက်၏။ ဇာတ်လိုက်နှင့် နည်းနည်းမှ မတူအောင် အထူးကြိုးစား၏။

"ကျွန်မက မေမေစိန်" ဟု သွက်လက်ပေါ့ပါးသော အဖြေကို ရ၏။ ကြည့် ဒီလို မဆုတ်မဆိုင်းတာ ဟန်ပန်မရှိတာလေးကိုက တခြားမိန်းကလေးတွေနဲ့ မတူတာ၊ ချစ်စရာကောင်းတာ။

"ကျွန်တော်တို့ကျောင်းမှာ ပရက်တစ်ကယ်မှာ တူတူကျတယ်၊ ကျွန်တော်လည်း တစ်ခါမှမတက်လို့ မေမေစိန်လိုပဲ ဒေါက်တာလှကျော် အခေါ်ခံရတယ်"

"ဟာ ကျွန်မဖြင့် သိတောင်မသိဘူး"

"နို့ တစ်မဖတ်မိဘူးလား"

"ဟင့်အင်း ကျောင်းမှ မတက်ဖြစ်ဘဲ ရုပ်ရှင်တွေကကောင်းတာနဲ့" မေမေစိန်က လွှတ်ခနဲရယ်မောလိုက်သည်။

"ကျွန်တော် ဆရာနဲ့ သွားတွေ့တော့ ဆုံးမစကားပြောပြီး မေမေစိန်ဆိုတာ ရှာလွှတ်ပေးစမ်းပါတဲ့ ကျွန်တော်လည်း ကောင်းပြီ ကောင်းရဲ့ဝန်ခံခဲ့ပြီး မရှာမိဘူး။ မေမေစိန်ကိုလည်း ခုမှသူများပြလို့ မြင်ဖူးတာ"

"ကျွန်မ အင်းလျားမှာပဲ၊ အခန်းနံပါတ် ၁၄၀ မှာ၊ လာလည်ပါလား ကျွန်မအခန်းကပ်တဲ့ နေ့နဲ့ ကြုံယင်တော့ တွေ့ပါလိမ့်မယ်"

မေမေစိန် ကျောင်းမတက်သည်ကို ခုမှသိပုံရသော သူ့အစ်မလင် မယားက မျက်နှာမသာမယာ ဖြစ်သထက်ဖြစ်လာရာ ကိုဖုန်းခင်သည် ပထမဆုံးအကြိမ်မို့ အလိုက်သိလိုက်၏။

"သွားမယ်ဗျာ၊ မိုးချုပ်နေမယ်။ အလည်ခေါ်တာကျေးဇူးပါပဲ၊ ကျွန်တော့်မှာ ပျင်းလွန်းလို့ အသိမိတ်ဆွေနည်းတာနဲ့"

mgyoe.com

mgyoe.com


"ကျွန်မလည်း ပျင်းလွန်းလို့ စနေနေ့တော့ ရှိတတ်ပါတယ်၊ တနင်္ဂနွေ နေ့သာ"

လမ်းတွင် လှသောင်းက "သိပ်ဟန်ပါလားဗျ" ဟု အားရပါးရ ပြော လေသည်။

"ဘာဟန်လို့လဲကွာ၊ ပြောစရာရှိလို့ ငါကပြောတယ်၊ သူက ပြော တာ လက်ခံတယ်၊ တခြားမိန်းကလေးတွေထက် ယဉ်ကျေးတယ်လေ ဒါပါပဲ"

"အင်းလျားအလည်ခေါ်တဲ့ ယဉ်ကျေးပုံမျိုးတော့ လိုချင်ပါ့ဗျာ" ဟု လှသောင်းကပလုတ်ပလောင်းပြောပြန်၏။

"မေမေစိန်က ဘယ်သူ့မှ လူမထင်ဘူးဆိုတာ ပြတာနဲ့ ပိုတူပါရဲ့၊ တကယ်တော့လည်း ဟန်လုပ်နေစရာမလိုပါဘူးကွာ၊ လူလူချင်းတွေ့တယ် ဆုံတယ် စကားပြောတယ် အသိမိတ်ဆွေဖြစ်တယ်ဆိုတာတွေကို ခဲခဲ ယဉ်းယဉ်း လုပ်နေရအောင် ဘုရင့်သမီးတော်တွေမှ မဟုတ်ဘဲ"

"မေမေစိန်က ဟန်ပန်မကြီးကျယ်တာတော့ ဟုတ်ပါတယ်။ ဒါပေမဲ့ လူလည်းလိုက်လို့ပါဗျ၊ လူတိုင်းတော့ အင်းလျားအလည်ခေါ်မယ်မထင်ပါ ဘူး။ ကျွန်တော်ကြားဖူးတယ်၊ ကြောင်စရာရှိရင် အားမနာပါးမနာတဲ့ခင်ဗျ၊ ဟို ကောင်မလေးချောချော ပစ္စည်းမက်မက်များဆို လက်ဆောင်ပေးခေါ်တတ် တဲ့ စက်သူဌေးသိပါကောဗျ၊ အဲ သူ့များ ကြောင်ပစ်လိုက်တာ ညှော်ခန်းမှာ အရှက်ကိုကွဲရောဆိုပါလား"

"ဒီလိုဆိုရင် သိပ်မဆိုးဘူးပေါ့"

"ဟုတ်တယ်ဗျ ခင်ဗျား စ,ရင် ရမှာ၊ သူက တော်ရုံလူတော့ အထင် မကြီးဘူးဗျ၊ သူ့ကိုယ်ဥ္စက သိပ်တော်နေတာကို"

ကိုဖုန်းခင်က လှသောင်းလောကြီးနေသည်ကို ရယ်မောလိုက်သော် လည်း ပျော်သလိုလိုတော့ဖြစ်လေ၏။ သူ့စိတ်များ ပျို့မျှစ်လာ၏။ သိပ်ပြီးလည်း ဟန်မဆောင်ချင်တော့ဘဲ 'ချစ်ချင်စရာလေးကွ' ဟု ဝန်ခံမိလေသည်။

ထိုည ကိုဖုန်းခင်စောစောအိပ်ပျော်သည်။ ခါတိုင်းလို မျက်စိတကြောင် ကြောင်နှင့် သန်းခေါင်မှာ ဒေါသမဖြစ်ရ၊ စာထ, မဖတ်ရ၊ ဘာမှ မည်မည် ရရရှိသည်ဟု ကိုယ့်ကိုယ်ကိုယ်မထင်၊ သိပ်ပြီး အရေးတကြီးရယ်လို့ မထား ချင်ဘဲလျက် မေမေစိန်ကို အိပ်မက်မက်သည်။

mgyoe.com

mgyoe.com


အိပ်မက်ထဲတွင် မေမေစိန်သည် ဆံပင်ရှည်ကြီးနှင့်၊ ဆံဖျားကော့လွင်ကာ ဥစ္စာစောင့်မကလေးလိုလို၊ လှလည်းလှပ၊ ပျောက်သွားလိုက် ပေါ်လာလိုက်နှင့်လည်းနေသည်။ သူကလေးက စကားမပြောဘဲ ရယ်ရွှင်၍ချည်းနေသည်။ သူရဲ့ အလယ်ချိုင့်၍ ပုတက်တက်နှင့်ပေါ်လွင် မြမြသော မေးစေ့မေးရိုးကလေးများကို မော့ထားသည်။ ကိုဖုန်းခင်က အိပ်မက်ထဲတွင် အတော်ပင် ချစ်ခင်မူးတူးဖြစ်နေသည်တကား။ တစ်ယောက်တည်း နှမြောတွန့်တိုကာ သူ့အင်္ကျီစကလေးကို မထိရက်မကိုင်ရက် ထိကိုင်သည်။ ထို့နောက် သူကိုင်နေသည်မှာ မေ့ဆေးပေးထားသော ဖားတစ်ကောင်ဖြစ်နေပြီး သူနှင့်မေမေစိန်တို့ အတူခွဲစိတ်ကြ၏။ ဆရာက ဘာကြောင့်လဲ မသိဆူပူ၏။ မေမေစိန်ကရယ်နေဆဲ၊ ကိုဖုန်းခင်သည် အလကားနေရင်း စိတ်ညစ်နေရာ နိုးမှပင် စိတ်အေးရလေသည်။

× × ×

## (၄)

ကိုဖုန်းခင်သည် စိတ်အနည်းငယ် တည်ငြိမ်လာပြီး အခန်းထဲ သိပ်မအောင်းတော့ချေ။ ငယ်ငယ်တစ်ခါက ဖြစ်ဖူးသော လူအကျော်အမော်ဖြစ်လိုစိတ်၊ တစ်ကမ္ဘာလုံး နှံ့စပ်လည်ပတ်လိုစိတ်များ ပြန်လည်ပေါ်လာသည်။ သူ့အတွေးအခေါ်များ ကြီးကျယ်လာသည်။ သည်တိုင်းနေလို့ မဖြစ်ချေဘူးဟု တွေးကာ ဖျတ်ဖျတ်လတ်လတ်၊ ကြိုးကြိုးစားစား လုပ်ကိုင်ချင်လာသည်။ ဖြုန်းခနဲ စိတ်ရှိသလောက် ကိုယ်မရောက်သော်လည်း အင်္ဂလိပ်စာကို ကောင်းစွာ ဖတ်မိသည်။ အများအားဖြင့်တော့ ရှေးစာခန့်များပင်၊ ကဗျာနှင့် ဝတ္ထုအများပင် ဖတ်လို့ကောင်းစွာ ဖတ်မိသည်။ ဖတ်ရင်းက ကြိုက်နှစ်သက်သော ကဗျာများ နှုတ်မှရွတ်လို့ တစ်စတလေရလာ၏။ ယခုခေတ်စာမှတော့ အတ္ထုပ္ပတ္တိများကို ရွေးဖတ်မိ၏။ တစ်ခါတုန်းက ရွတ်ဖတ်သရဇ္ဈာယ်ခဲ့သော လက်ဝဲစာများနှင့် မတူသည့် အရသာတစ်ခုကို ယခုကြိုက်နှစ်သက်စွာ ခံစား၏။ ဘဝပြောင်းခဲ့ပြီလေ၊ ယခုဘဝမှာ ဒူးရင်းသီးမကြိုက်ဘဲ၊ စပျစ်သီးကြိုက်ချင် ကြိုက်မည်။ အညာဆီးသီးကို နွားနှင့်အတူ ကြိုက်တော့ကော ဘာဖြစ်တုံးဟု တစ်ယောက်တည်းပင်မာန်မဲမိသည်။ ဖခင်ထံကို စာရေးရာမှာ

mgyoe.com

mgyoe.com


တောင်....

"အဖေ ကျွန်တော် အင်္ဂလိပ်စာ တော်တော်တတ်ချင်နေတယ်၊ ဒါကြောင့် လည်း တစ်ကြောင်းပေါ့၊ ကျွန်တော်အခု တော်တော်စာဖတ်ဖြစ်တယ်၊ ကျောင်း စာတော့ မဟုတ်လှဘူး၊ အပြင်စာပဲ၊ အဖေသိတဲ့အတိုင်းပဲ ကျောင်းစာသုံး လေးအုပ်ကလေး ဖတ်ရုံနဲ့ လူမဖြစ်နိုင်ဘူးဗျ၊ စာမေးပွဲလည်း အောင်ရမှာ ပေါ့လေ၊ ကျွန်တော်အခု ကျောင်းမှန်မှန်တက်မယ်လို့ ဆုံးဖြတ်လိုက်ပြီ၊ ဒီလ ကုန်က စတက်မယ်၊ ကျွန်တော်အခု နေကောင်းပါတယ်။ အခန်းထဲမှာချည်း မနေတော့ဘူး။ မြို့ထဲရောက်တယ်၊ ရုပ်ရှင်မှန်မှန်ကြည့်ဖြစ်တယ်၊ လှသောင်း က ပေါင်းလို့ ကောင်းပါတယ်၊ အောင်တင်တော့ အတော်ပျက်နေတယ်၊ သူ့အစ်ကိုနဲ့ ဦးလေးကို နည်းနည်းတိုင်လိုက်ပါဦး၊ ကျွန်တော်မနေ့ကပဲ အဖေ အင်မတန်ကြည်ညိုတဲ့ လင်ကွန်းအကြောင်း ဖတ်သေးတယ်။ ဒီစာအုပ်က သုံးအုပ်တွဲအထူကြီးမို့ မနည်းကုန်အောင် ဖတ်ရတယ်။ ကျွန်တော် ကဗျာလည်း ဖတ်တယ်၊ ကျွန်တော်အခု ကွန်မြူနစ်ဘဝနဲ့ အဖေဝေးစေချင်တာထက်တောင် ဝေးနေပါပြီလေ၊ ဘာဖြစ်လာမလဲတော့ မသိသေးဘူး။ ဆရာဝန်တော့ ဖြစ်ပါ့ မလား မသိဘူး" စသည်ဖြင့် စိတ်ပါလက်ပါ ရေးမိလေသည်။ "သစ်တစ်ကိုင်း အောက်မှာ စားစရာရယ် ဝိုင်အရက်ရယ် ချစ်သူပျိုကညာရယ်နဲ့ နေချင်ပါ တယ်ဆိုတဲ့ ကဗျာလို ဘဝမျိုးနဲ့ ပြီးသွားမှာတောင် ကြောက်ရတယ်" ဆိုသည့် အပိုဒ်ကိုတော့ အဖေစိတ်မကောင်းမှာစိုး၍ ရေးပြီးမှ ဘာမှဖတ်မရအောင် လိုက်ခြစ်ပစ်သည်။ ပြီးတော့ ကာလကြာစွာ မေ့လျော့ထားသော မိဘဆွေမျိုး၌ စိတ်လည်ကာ ငေးမိလေသည်။

အမေသည် အောက်သားအဖေကြိုက်အောင် အောက်ဟင်းအမျိုးမျိုး ချက်ကျွေးတတ်သည်။ ကိုဖုန်းခင် ၄ တန်းသား ဘဝမှာ အဖေက အောက် ထမင်းကြော် ဘယ်လောက်ကောင်းကြောင်း ပြော၍ အမေက အိမ်မှာထမင်း ကြော် ကြော်၏။ ကျောင်းအမီ၊ ရုံးအမီကြော်ပေး၏။ ကိုဖုန်းခင်သည် တရုတ်နံ့ လုံးလုံးမပါသော ဘဲဥလည်းပါ၊ ပုစွန်ခြောက်လည်းပါသော ထို ထမင်းကြော်ကို အသည်းစွဲသွားရကား နေ့တိုင်းကျောင်းအမီကြော်ပေးရန် ပူဆာသည်။ အမေက မနက်ငါးနာရီတွင် ထမင်းကြော် ကြော်ဖို့ ပြင်သည်။ ထိုထမင်းကြော်ကို စစ်ဖြစ်၍ ကျောင်းပျက်ကာ ကွန်မြူနစ်ဘဝရောက်ပြီး

mgyoe.com

mgyoe.com



အိမ်မှာ မနေတော့မစားတော့မှ မနက်စဉ်ပြုတ်ခဲ့သည်။ အမေ့ရဲ့ အရေမတွန့် သောအသား၊ မကျိုးမပဟာသော သွားနှင့် အရုပ်ပုတိုက်တိုက်ဟန်ပန်ကို ပြန်သတိရ၏။ အမေသည် ကိုဖုန်းခင်အိမ်ပြန်မကပ်ခင်ပင် လေဖြတ်၍ ဖြုတ်ခနဲဆုံးသည်။ အမေဆုံးသော် သားအပေါ်၌ ပြန်ကောင်းလာလေမလား ဟူသော မျှော်လင့်ချက်လည်း ဆုံးနှင့်ပြီတည်း။

သူသည် ငယ်ငယ်က ကျေနပ်တင်းတိမ်စွာ နေခဲ့သည့် အိမ်ထောင်ကလေး သေးသေးကို ပြန်မြင်ယောင်၏။ သူ့မှာ အရုပ်ဆိုးသော နှမငယ်ကလေး တစ်ယောက်ပဲရှိ၏။ ခုတော့ အဖေကို ထမင်းချက်ကျွေးနေသည်။ မိမိသာ 'လိမ္မာ' ခဲ့လျှင်တော့ နှမလေး ခုနေ ကောလိပ်ရောက်အောင် စာသင်ရမည်တည်း။ ယခုတော့ အညာအင်္ကျီဘယ်ဖုံးနှင့် အညာမကျ အောက်မကျသော အမူအရာနှင့် စိတ်ကလေးသာရှိသည်။ ကောင်မလေးက မိုက်တိုက်တိုက်ကလေးမို့ စောစောစီးစီး လင်ရသွားဦးမယ်ထင်သည်။ အစ်ကိုကိုတော့ အဖေထက်ကြည်ညိုသည်။

သို့သော်လည်း အေးချမ်း၍ ဘေးကင်းသော အိမ်ထောင်စုက တစ်ခါထွက်လာပြီးလျှင် ပြန်သွား၍မရ၊ ပြန်မသွားချင်၊ အိမ်ထောင်စု၌ တကယ်စိတ်ဝင်စားလို့မရ၊ ယခုလိုပင် လွတ်လပ်စွာ နေချင်သည်။ မေမေစိန်ကို သတိရ၏။ ကဲ မေမေစိန်လို မိန်းကလေးနှင့်ကော သူအတည်တကျ နေချင်သလား၊ သားသမီးလေးတွေ မွေးလို့လေ၊ သူသည် မိုက်မဲဆဲပင်မို့လားမသိ လင်အတွက်၊ သားအတွက် မေမေစိန် သို့မဟုတ် ဘယ်သူဖြစ်ဖြစ် မိမိချစ်ကြိုက်၍ ယူငြားသူမိန်းကလေးသည် သိုးမွေးဆွယ်တာထိုးရာ၌ သားသမီးကလေးတွေက...

"ဗျိုင်းဖြူလေး တစ်ကောင်
သစ်ပင်ပေါ် နားနေတယ်
ကိုကိုရယ် ညီလေးပစ်ပေးပါ"
"ချစ်လှစွာသော ညီလေး
ကိုကို မပစ်ပါ
မေမေသိရင် ကိုကိုနဲ့
ညီကို ရိုက်လိမ့်မယ်"

mgyoe.com

mgyoe.com


စသဖြင့် ကျောင်းသွားကျောင်းပြန် တကြော်ကြော် ဆူညံဆိုကြဟန်တို့ကို မြင်ယောင်ကြားယောင်လို့မရ၊ စိတ်ကူးကြည့်လို့မှ မရသေးသည်မှာ အသေအချာတည်း။

ထိုခဏ၌ မေမေစိန်သည် သေးနုပ်သွား၏။ မှေးမှိန်သွား၏။ ဘဝကားချပ်၌ ဟိုအနောက်က မှုန်ဝါးသောနေရာမှာ သူ့မျက်နှာကလေးတစ်ခုပဲ တရေးရေးဝင်းပ၏။ ကိုဖုန်းခင်သည်တော့ ကြီးကျယ်လာပြီး အရာရာမှာ အောင်မြင်လိုစိတ် ပေါ်လာပေ၏။ လူကတော့ အင်းဝကျောင်း အခန်းကျဉ်းကလေးထဲ၌ အောင်း၍နေရင်း ကိုဖုန်းခင်သည် စာကိုပို၍ပို၍ ဖတ်ဖြစ်လာသည်။ နနယ်ခိုက်က တွေ့ကြုံရသမျှကို ယခုမှပြောင်းပြန် စာအုပ်နှင့် ပြန်၍ဟပ်ယူရသည်။

တစ်ခုယုံကြည်သည်ကတော့ သူငယ်ချင်း၌တည်း၊ လှသောင်းနှင့် အောင်တင်တို့ကို အရင်းထား၍ အပေါင်းအသင်းများလာ၏။ သူသည် မဖျော်လင့်ဘဲ သည်းခံတတ်သူ၊ ပို၍ မှန်ကန်စွာဆိုရလျှင် စိတ်၌ဘာမှ ဂရုတစိုက် မရှိသည်နှင့်အညီ မထိခိုက်လွယ်တတ်သူဖြစ်၍ အမြင်ကတ်စရာကောင်း၍ သူတကာ ဝိုင်းပယ်လိုသော ကျောင်းသားမျိုးနှင့်လည်း ပေါင်းသင်းလို့ ရသည်။ ခဏတာအတွင်းမှာပင် လှသောင်းနှင့် အောင်တင်တို့ထက် ပို၍ အောက်သားအပေါင်းအသင်းများလာသည်။

အကျိုးကျေးဇူးကတော့ ကိုထွန်းမြင့်တည်း။

ကိုထွန်းမြင့်သည် မြစ်ဝကျွန်းပေါ်မြို့တစ်မြို့မှလာသည်။ မြစ်ဝကျွန်းပေါ်၌ မိန်းမနှင့် ကလေးနှစ်ယောက်ကို ထားခဲ့ကာ မတည့်သော ယောက္ခမထောက်ပံ့စာနှင့် ကျောင်းနေသည်။ သူသည် စစ်မဖြစ်မီက ဥပစာတန်းအောင်ပြီးပြီဖြစ်၍ တစ်ကြောင်း၊ ကျောင်းသားများထက် အသက်ပို၍ ကြီးသည်ကတစ်ကြောင်း၊ အလုပ်အကိုင်နှင့်နေဖူးသူ သားမယားရှိသူဖြစ်၍ တစ်ကြောင်း၊ သူတို့တစ်တွေက အရိုအသေပေးကြသည်။ ကိုထွန်းမြင့်ကမူ ဆရာလုပ်ချင်စိတ် မရှိဘဲ၊ လုပ်ချင်ရာကို ခပ်ကင်းကင်းလုပ်တတ်ကိုင်တတ်ရာ ဒါသည်ပင် ကြည်ညိုစရာ တစ်ချက်လို အဖိုးတန်လာလေ၏။

နှုတ်ပွေသော အောင်တင်နှင့်သူ ကောင်းကောင်းတွဲသော်လည်း၊ ကိုဖုန်းခင်ကိုတော့ ပို၍ ပွင့်လင်းစွာဆက်ဆံ၏။ တစ်ပတ်တစ်ခါ မှန်မှန်လာ

mgyoe.com

mgyoe.com


သော မယားထံမှ ကြင်နာခြင်း ပြည့်သောစာ၊ ယောက္ခမထံမှ ကြိမ်းဝါးမာန်မဲ၍ အထင်သေးစကား များများပါသော စာနှစ်စောင်တို့ကို ဖတ်ပြလေ့ရှိသည်။ ကိုဖုန်းခင်နှစ်သက်တတ်သော စာအုပ်မျိုးကို ရှာပေး၏။ ကိုထွန်းမြင့်သည်လည်း တစ်ခါတုန်းက စာဖတ်ဝါသနာပါသော မျှော်လင့်ချက်ကြီးသော လူငယ်တစ်ဦးဖြစ်ခဲ့ဖူး၏။ ကိုဖုန်းခင်မကြားဖူးသော လူကြီးလူကျယ်တို့၏ နာမည်နှင့် အတ္ထုပ္ပတ္တိကို ခေါ်သွင်းလာတတ်၏။ ကိုဖုန်းခင်စပ်လိုသော ကဗျာမျိုးကို ရွတ်ပြတတ်၏။ ကဗျာဆရာနှင့် ကဗျာစာအုပ်ကို မိတ်ဆက်ပေး၏။ စာအုပ်ခင်သူ ကိုဖုန်းခင်ကတော့ သည်တစ်ချက်ကြောင့် သူ့ကို အထင်ကြီးဆဲ၊ ကိုထွန်းမြင့်သည် အရက်ပုလင်းနှင့် တယောပြားကိုဆွဲကာ လူရှင်းရာသို့ တစ်ယောက်တည်း သွားတတ်၏။ စိတ်ကူးယဉ်ပြီဖြစ်သော ကိုဖုန်းခင်ကတော့ သည်တစ်ချက်ကြောင့် သူ့ကို အထင်ကြီးဆဲ၊ ကိုထွန်းမြင့်သည် အရက်ပုလင်းနှင့်တယောပြားကိုဆွဲကာ လူရှင်းရာသို့ တစ်ယောက်တည်း သွားတတ်၏။ စိတ်ကူးယဉ်ပြီဖြစ်သော ကိုဖုန်းခင်က လိုက်မသောက်ဘဲနှင့် ယစ်မူးကာ တယောကြိုးများပေါ်မှာ နတ်ကညာများ ကဟန်ကို မြင်လေသည်။

လဝင်းဝါသော ညများမှာ ကိုထွန်းမြင့်က လမ်းလျှောက်ခေါ်တတ်၏။ သူတို့နှစ်ယောက်သည် စိန်ပန်းရွက်နုစိပ်စိပ်မှုန်ပျသော အရိပ်များကြားမှ ဖင့်လေးစွာလမ်းလျှောက်တတ်၏။ ကိုထွန်းမြင့်က သူ့မိန်းမနှင့် ကလေးများအကြောင်း ဖွဲ့နွဲ့ကာ ပြောတတ်၏။ သူသည် စကားပြောကောင်း၍ ဝတ္ထုဖတ်ရသလို၊ ပုံပြောတာ နားထောင်ရသလို မဟုတ်တာမှန်း သိလျက်နှင့် လက်ခံပြီး လက်ခံရုံမက ကျေလည်းကျေနပ်ရင်းမှ သူ့စကားကို နားထောင်စမြဲပင်။

နောက်တော့ လမ်းလျှောက်ခြင်းသည် အကျင့်ဖြစ်သွား၏။ ကိုဖုန်းခင်သည် လှသောင်းတို့ အောင်တင်တို့နှင့် ညညကွဲကွာကာ ကိုထွန်းမြင့်နှင့်ချည်း လမိုက်သော၊ လသာသော မရွေး ညစဉ် လျှောက်လွှင့်နေလေသည်။

သို့လျှင် မည်းမှောင်၍ စိတ်ညစ်စရာကောင်းသော ဗြုန်းခနဲပင် တွယ်တာစရာ ဘာတစ်ခုမှမရှိသော တစ်ခါတစ်ရံပါပဲရယ်လို့ သောက်လေ့နှင့် သောက်လိုက်သော ညတစ်ခါမှာ ကိုထွန်းမြင့်နှင့် နှစ်ယောက် ကမာရွတ်

mgyoe.com

mgyoe.com

ကွေ့တစ်ကွေ့သို့ ရောက်ခဲ့၏။

သည်လိုပင် ပန်းလှလှနှင့်ပြည့်သော ပန်းလိုလှ၍ မွှေးသောမိန်းကလေးတို့နှင့်လည်း ပြည့်သော သန့်ရှင်းစင်ကြယ်ခြင်းကို ရှာလျှင်သိပ်မခဲယဉ်းပဲလည်း တွေ့နိုင်သော အတွေ့နိုင်ဆုံးလို့ မျှော်မှန်းရသော အထက်တန်းကျသည့် ပညာသင်ကြားရာ ကောလိပ်ကျောင်းမျိုးနှင့်၊ မှောင်မိုက်ခြင်းကို ကြိုက်သော မှောင်မိုက်မှာလည်း လုပ်ရဲသည့် သတ္တိရှိစေသော ညစ်ညမ်းသော မကောင်းမှုအစုံ ရနိုင်ရာရပ်ကွက်တို့သည် တစ်ဖက်တစ်ချက်စီမှာ လူတို့ကို ပြက်ရယ်ပြု၍တည်ရှိနေတတ်၏။

နောင်အခါမှာတော့ ကိုဖုန်းခင်သည် ပထမဆုံးအကြိမ် သူ့သမာဓိပျက်ပြယ်ခဲ့သော သူဘယ်တော့မှ စိတ်ကူးရည်ရွယ်ချက် မရှိဘဲ ပြန်တွေး၍ မပျော်နိုင်သည့်အပျော်ကို ရှာခဲ့သောအကြောင်းကို အလွန်ကြေကွဲစွာပြောနေခဲ့၏။

"ပြင်လို့ မရတော့တဲ့အခါမှာမှ သတိရလာပြီး ကိုယ်ဘယ်လိုဖြစ်သွားမှန်းမသိဘူး။ အခန်းတံခါးပိတ်ပြီး လေးရက်လုံးလုံး ဘာမှမစားဘဲနေမိတယ်၊ မျက်ရည်လည်းကျမိတယ်၊ ဒေါသလည်းဖြစ်တယ်၊ သေတောင်သေချင်တယ်"

ဟုတ်မည်၊ ကိုဖုန်းခင်သည် ဂျပန်အာရှခေတ်၌တော့ လူငယ်တို့ အလယ်မှာ ပေါလည်းပေါတာသော ချစ်ခင်ဖွယ်လည်း ကောင်းသောစံပြလူငယ်နာမည်ကို နှစ်ခြိုက်စွာ အခေါ်ခံခဲ့ဖူးသူတည်း။

သို့သော် သည်တစ်ခါတုန်းက အလေးမ ဖူးသည့် ကြွက်သားဖောင်းဖောင်းထဖူးသူ ကိုဖုန်းခင်သည်၊ သည်ကိစ္စကို ဘာကြောင့် ကြေကွဲစရာစခန်းမှာ ရပ်မပစ်ခဲ့ပါသလဲ။

ဘာကြောင့်ရယ်လို့တော့ သူမဖြေတတ်၊ သို့မဟုတ် သူမဖြေဝံ့၊ ကိုဖုန်းခင်သည် ကိုထွန်းမြင့်နှင့် ညညပျောက်၍သွားသည့် အကြိမ်များလာကာ အောင်တင်နှင့် လှသောင်းတို့ကပင် ဆုံးမစကားပြောရပြီး နောက်ဆုံးတော့လည်း လေးယောက်ပေါင်း၍ အခန်းတံခါးများကို ညလုံးပေါက်သော့ခတ်ကာ ပျောက်ကွယ်နေတတ်လေတော့သည်။

ထိုအတောအတွင်း မေမေစိန်ကို တွေ့တတ်သော ရုပ်ရှင်ရုံ၊ စကော့ဈေး၊ အင်းလျားလမ်းထိပ် ဘူးသီးကြော်ဆိုင်တို့၌ တွေ့တတ်၏။ မေမေစိန်
mgyoe.com

mgyoe.com


သည် သူ့ကို မှတ်မိပုံမပေါ်၊ ပြီးတော့ မေမေစိန်မှာလည်း စကားမပြတ်ပြောစရာ မျက်နှာ၌ ကြည်ရွှင်ရယ်မောစရာ အဖော်တစ်ယောက်ပါသည်တည်း၊ မေမေစိန်သည် အမြဲပင် သူ့အဖော်နှင့် စိတ်မအားအောင်ရှိသည်။ ဘေးဘီ၌ ဖြတ်သန်းသွားသူ မော်တော်ကား၊ ကျောင်းသားကျောင်းသူ အစစကို မြင်ပုံမပြ၊ သစ်ပင် ပန်းပွင့် ပန်းဖူးကိုလည်း အလှရှာပုံမပြ၊ မေမေစိန်ကိုကြည့်ရသည်မှာ ချစ်သင်စမို့ ချစ်မူးမူးဖြစ်နေသော အပျိုပေါက်ကလေးနှင့်တူလှသည်။ ထိုအခါ မေမေစိန်ဘေး၌ပါသူကို ငြူစူချင်ချင်နှင့် ကြည့်သော်သူတကာ ပြောလှသည့် သချာနည်းပြ ဆရာကလေး ကိုတင်ထွန်းဖြစ်နေပေ၏။ ထိုအခါ သူသည် နာသလိုလိုရှိ၏။ ဘာမှတိတိကျကျတော့မပြောနိုင်၊ သို့သော် ဆင်ခြေတော့ရလာသလိုလိုပင်၊ စိတ်ညစ်တယ်၊ စိတ်ညစ်တယ်လို့ ပြောနိုင်ခွင့်ရသလိုလိုပင်၊ သည်ဆင်ခြေ အခြေမခိုင်သည်ကိုတော့ သိပါ၏။ မိမိ၏ စိတ်အင်အား တကယ်တော့ ပျော့နွဲ့မှန်းသိပါ၏။ မခုခံလိုတော့၊ မငြင်းဆန်ချင်၊ သည်လိုပင်စိတ်ကို လွှတ်ချင်တိုင်းလွှတ်လိုက်ပြီး "ဘာဖြစ်သေးလဲ" ဟူ၍သာ ဒိုင်ခံ၍ ပြောရသည်မှာ တကယ်တော့ အသက်သာဆုံးတည်း၊ ဘယ်သူ့ကိုမှ ဂရုမစိုက်ဖို့ဟာလည်း အလိုလိုဖြစ်လာ၏။ သည်တစ်ချက်နဲ့ပင် လူစွမ်းကောင်းသလိုလိုခံစားနိုင်သေး၏။

သို့ရာတွင်လူသည် အကောင်းကို စုံမက်သည်ဟု သူယုံကြည်သည်၊ မှောင်မိုက်ထဲ တိုးဝင်နစ်ရင်းက လူသည် ယဉ်ကျေးချင်၏။ အလှကိုမြင်လို၏။ ကဗျာကိုရှာသတည်းရယ်လို့ သူစွဲမြဲမှတ်သားဆဲပင်၊ လူအပေါင်းတို့၏ စိတ်ဒုက္ခဆင်းရဲဟူသည် အကောင်းကိုရှာသဖြင့် ရှာ၍မရသဖြင့်၊ လူကိုယ်၌က အကောင်းချည်းဖြစ်လိုသော်လည်း ဖြစ်၍မရသဖြင့် ပေါ်ပေါက်ရသည်ထင်၏။ သို့လျှင် လူ့ဘဝကို ဘဝသက်သက်အနေနဲ့ ချစ်သည်။ လူ့ဘဝကိုငါတကယ် တွယ်တာပါကလား၊ တကယ်တော့မျှော်လင့်ချက်အမှန်ကြီးသူမှာ ငါသာပါတကားတွေနှင့် ကိုဖုန်းခင်သည် မိုးလင်းစများမှသာ ကြည်သောရာသီမျိုး၌ တွေးမြင်လာပြီး စခန်းသစ်တစ်မျိုးထချင်ပြန်လေ၏။

× × ×

mgyoe.com

mgyoe.com


# (၅)

အဦးဆုံးသူသည် ဝယ်လင်တန်ကျောင်းဆောင်သို့ ပြန်းခနဲ ပြောင်းသည်။ အောင်တင်နှင့် လှသောင်းတို့က သူ့ကို စိတ်ဆိုး၏။ သို့သော်လည်း သူတို့ပင် ကူ၍ ပြောင်းပေးသဖြင့် ကိုဖုန်းခင်သည် သက်သက်သာသာ လူချည်းပင် ထသွားရုံရှိလေသည်။ "ကိုယ့်ကောင်တွေကတော့ အားကိုးရတယ်" ဟု ကျေးဇူးတင်စွာ တွေးထင်လေ၏။

ကိုထွန်းမြင့်က သိမြင်သူပင်၊

"ခင်ဗျားကျုပ်ဆီက ပြေးတာပါဗျာ၊ ကိုဖုန်းခင်ရာ" ဟု ပြော၏။ "တကယ်တော့ မိတ်ဆွေအဖြစ် ပေါင်းသင်းလို့မှ မဖြစ်တော့ဘူးလို့ ဆိုတဲ့အထိ ရောက်ဖို့မကောင်းပါဘူး" ဟု စိတ်နာ၏။ "ခင်ဗျားလည်း ကလေးလေးမှ မဟုတ်တာ ပြီးတော့ပြောစမ်း၊ ကျုပ်ခင်ဗျားကို ဘာတစ်ခု ဖွတ်အတင်းတိုက်တွန်းဖူးလဲ၊ ကျုပ်နောက်ကို အဖော်ကလေးရရုံ လိုက်ပါလို့တောင် ခေါ်ဖူးသလား၊ ခင်ဗျားအလိုမရှိရင် ကျုပ်လက်မခံဘူး၊ ခင်ဗျားက ဆုံးမစကားပြောစေချင်တောင် ကျွန်တော်က တေတာပေတာ လေတာတွေနဲ့ အကျိုးအပြစ်ကို ပြောပြနိုင်သေးဗျား။ ကိုဖုန်းခင်ရဲ့၊ မတော်ပါဘူးလို့ တားနိုင်သေးဗျာ"

ကိုထွန်းမြင့် တကယ်စိတ်ဆိုးသလား၊ စိတ်ဆိုးချင်ယောင် ဆောင်သလား သူမသိ၊ သူ့ကို ကျောင်းဆောင်မပြောင်းစေချင်မှန်းသိ၏။ ကိုထွန်းမြင့်ကို အားတော့နာ၏။ နောက်ဆုံးပြောလိုက်ပုံအတွက် ရှက်လည်းရှက်၏။ ညှံ့ရာလည်းရောက်သည်ထင်၏။ သို့သော် တိုးလို့မိုက်မဲပြီး မခံချင်စရာတွေ မထလိုတော့၊ ဝယ်လင်တန်ရှိ ခရစ်ယာန်ကရင်၊ ကုလား ကျောင်းသားများကြားမှာပဲ အထီးတည်းနေတော့မည်။ မိမိသည် အေးချမ်းခြင်းကို ရှာဦးမည်၊ အပေါင်းအသင်းဟူသည် အေးချမ်းခြင်းကို မပေးဆုံးတည်း၊ သူတို့ကပေးသော ပျော်ရွှင်ခြင်းကိုလည်း သူသည် စိစစ်၍ မရွေးလို၊ ဒါယူမည်၊ သည်ဟာတော့ အလိုမရှိဘူးဟူ၍ ဆိုနိုင်ခွင့်မရှိဟုထင်သည်။ သည်တော့ လက်ဝါးချည်းနေပြီး မိမိတကယ် ဘာလုပ်ချင်သည်ဆိုတာ ကြည့်ဦးမည်လေ။

"ခင်ဗျား လာလည်နိုင်သားနဲ့ဗျာ" ဟုသာ ကိုထွန်းမြင့်ကို ပြောလိုက်၏။ ကိုထွန်းမြင့်က ဒေါသဖြစ်သလိုနေ၏။ တော်တော်နှင့်လာမလည်ဘဲနေ

mgyoe.com

mgyoe.com


၏။ နောက်မှ အမြဲလိုလို သူ့ဆီရောက်နေသော အောင်တင်တို့နှင့် ပါလာ၏။ သို့သော် ညမိုးချုပ်လျှင် ကိုဖုန်းခင်အခန်းမှ အတင်းထွက်ခွာ၏။ နှုတ်ခမ်းကိုမဲ့၍ "ကျုပ်က ကိုဖုန်းခင်လိုသမာဒိဋ္ဌိမဟုတ်ဘူးဗျ၊ ကျုပ်အခန်းက မာရ်နတ်စင်မှာ ပန်းတင်ဖို့ ပြန်ရဦးမဗျ၊ ဆီမီးကပ်ရဦးမဗျ" ဟု ဆိုတတ်သည်။ ကိုဖုန်းခင်သည်လည်း သည်စကားကြားပါများသော် ကြီးစွာမနှစ်လိုခြင်းဝင်လာ၏။ ပုဂ္ဂိုလ်ခင်ခြင်းပျောက်စပြုလာသော် ကိုထွန်းမြင့်၏ နှုတ်ခမ်းဆီမှ မဲ့စေသော အရေးအကြောင်းများကို မြင်လာ၏။ သူ့မျက်ထောင့်များနီသည်ကို သည်းမခံလိုဖြစ်၍လာ၏။ ထို့နောက် စိတ်ဆင်းရဲခြင်းဖြစ်သည်။ မိမိကိုယ်၌ အပြစ်မြင်သည်။ ထို့ကြောင့် သူ့ကို ကျေနပ်အောင် အဖော်လိုက်ရပြန်သည်။

သို့လျှင် ကြမ္မာဆိုး၏ လက်ချောင်းများသည် ရှည်ထွက်၍ ကြိုးများ ဖွာထွက်လာကာ သူ့ကို မလွတ်အောင် ရစ်ပတ်သည်ဟုထင်မြင်ဆဲ၊ တတ်နိုင်သည့်အခါမှာ စာပေဝတ္ထုကို ကျုံး၍ ဖတ်ဆဲ၊ တစ်ခါတစ်ရံတော့လည်း စာသင်ခန်းဆီသို့ ထွက်ပြေးခိုလှုံဆဲ၊ သူ့နှလုံးမြေ၌ နှင်းဆီတစ်ပွင့်၊ ပွင့်လေသည်။

နှင်းဆီသစ်တော့မဟုတ်ချေ။ မေမေစိန်ပါပဲ၊ တစ်ကြိမ်မျှ အနီးကပ်ဖူး စကားပြောဖူးသော မေ့ထားခဲ့သော မေမေစိန်ပါပဲ၊ မေမေစိန်ကိုလည်း တစ်စုံတစ်ယောက်က တွန်းပို့လိုက်သည့်ပမာ မျက်နှာချင်းဆိုင်နေသော ဘင်တန်ကျောင်းဆောင်သို့ ပြောင်းရောက်လာသည်။ သို့သော် ပြောင်းလာလို့ သွားတွေ့ခြင်းမဟုတ်ဘဲ တမင်သွား၍ရှာတွေ့ခြင်းပင်တည်း။

တစ်ညနေ၌ သူပျင်း၏။ ထို့ကြောင့် အောင်တင်က

"ဘင်တန်လိုက်ခဲ့ဗျာ" ဟု ခေါ်လေသည်။

"အသိရှိလို့လား"

"မသိတာမရှိဘူးလို့ မှတ်ပါဗျ" ဟု အောင်တင်က ကြွား၏။ ပြီးတော့ "မေမေစိန်လည်း ပြောင်းလာတယ်၊ မကြာသေးဘူး။ ကျွန်တော်သွားလည် မယ်စိတ်ကူးနေတာ မရောက်ဘူးဗျာ၊ သူအခု ကိုတင်ထွန်းနဲ့ ခွာပြဲနေတယ်ဗျ။ မတွဲတော့ဘူး။ ကလေးဖျက်ရတယ်လို့တောင် ပြောကြသဗျား ကောင်မလေး ပိန်လည်းသွားတယ်၊ အင်းလျားက ဒီပြောင်းလာတာတောင် ကိုတင်ထွန်းနဲ့

mgyoe.com

mgyoe.com



ဝေးအောင်လို့လို့ ပြောကြတယ်၊ ကိုတင်ထွန်းအိမ်က အင်းလျားလမ်းမှာပဲ"

ကိုဖုန်းခင်က တွေးတောစရာတွေကို ခဏဖယ်ထားပြီး "မင်းနဲ့ဘယ်လို သိတာလဲ"ဟု မေးမိ၏။ သူ့အသံ၌ ရင်ထဲမှာ လှုပ်ရှားမှုဂယက်ရိုက်သလား လို့လည်း ပူလိုက်၏။ သို့သော် မေမေစိန့်အကြောင်း ဆုံမိလျှင် အနည်းနှင့် အများ လှုပ်ရှားမိသည်ချည်းလေ၊ ယခုတော့ မေမေစိန်သည် လွတ်လပ်သူ၊ အချစ်နှင့် ဘယ်လိုနည်းနှင့်မဆို ကင်းပသွားသူရယ်လို့ ယူဆလိုက်ရသဖြင့် ထိတ်ခနဲလည်း ဝမ်းသာသည်။

"မေမေစိန်တို့ အတန်းမှာ (ဗမာစာ သင်ချိန်လေ) မိန်းကလေးတွေ လှလှများလို့ ကြမ်းပိုးထိုးရင်းသိတာပဲ၊ မေမေစိန်က နှုတ်သိပ်သွက်တာ ဗျ၊ ဟန်ပန်လေသံလည်းမလုပ်ဘူး။ ယောက်ျားမိန်းမလည်း တယ်ခွဲပုံမရဘူး၊ ခပ်ရဲရဲပေါင်းတာ၊ မေမြို့သူတွေဟာ ဒီလိုချည်းပဲ နံ့ချင်လည်း သူမတူပဲ့ဗျား"

"ဩ သူက ကျောင်းမှန်မှန်တက်နေသလား"

"စာမေးပွဲနီးလာတော့ လန့်လာတယ်ထင်ပါရဲ့၊ ပြီးတော့ အမြဲတွဲစရာ လူလည်းမရှိတော့ဘဲကိုဗျ၊ ကိုတင်ထွန်းနဲ့ မတွဲတော့တာ သေချာတယ်၊ စိတ်လည်း ကောင်းချင်မှကောင်းမှာပေါ့၊ ကိုတင်ထွန်းကို တော်တော်စွဲတယ်နဲ့ တူတယ်၊ ဟိုတလောကများ တစ်ယောက်တည်းချည်း တေနေလိုက်တာ သိပ်စိတ်ညစ်နေသလိုပဲ၊ ဘိုင်စကုတ်များ ၂ ပွဲ ၃ ပွဲ ဆက်ကြည့်သဗျ၊ အလကား လမ်းလျှောက်သွားနေတာပဲ၊ ဆူးလေဘုရားတစ်ဝိုက်မှာ၊ တင်ထွန်း ကတော့ ပညာတော်သင်သွားရမယ်ဆိုလား၊ စာသိပ်ကျက်နေတယ်တဲ့၊ သူ့ကို စာကြည့် တိုက်မှာချည်းပဲ တွေ့တယ်၊ ခုတော့ မေမေစိန်ကလည်း နည်း နည်းတော့ မာနထားမှာပေါ့လေ၊ စာပြန်ကျက်တယ်တဲ့၊ အတန်းတက်ကို မှန်လို့"

"စုံပါပေ့ အောင်တင်ရာ" ဟု ကိုဖုန်းခင်က ခပ်ပေါ့ပေါ့လေသံနှင့် ပြောလိုက်ပြီး ဘင်တန်ကို လိုက်သွားဖို့ ဆုံးဖြတ်လေ၏။

"ငါ့လည်း အလည်တော့ခေါ်ဖူးတယ်၊ တစ်ခါတွေ့ဖူးတုန်းကလေ၊ ခုတော့ ပြန်ပြောပြလည်း မှတ်မိမယ် မထင်ပါဘူး၊ အေးကွ မင်းမိတ်ဆွေ အနေနဲ့ လိုက်တာပေါ့၊ အသစ်မိတ်ဆက်တာပေါ့၊ ကောင်မလေးသနားပါ တယ်၊ မင်းပြောတဲ့အတိုင်းဆို သူ့ကို ခင်ခင်မင်မင် စိတ်ကောင်းထားမယ့်

mgyoe.com

mgyoe.com


မိတ်ဆွေ အခုနေသိပ်လိုနေတာပေါ့၊ ငါလိုက်ပြီး အားပေးပါ့မယ်”

အောင်တင်က ပြုံးလေ၏။

“သူ့အားပေးရင်း ခင်ဗျားကြီးအားနွဲ့နေမနော်”

“မောတယ် ပန်းတယ်သဘောမထားပါဘူးကွာ”

ကိုဖုန်းခင်သည် တကယ်ပင် စိတ်လည်းပေါ့ပါးနေလေသည်။

သို့ရာတွင် ဘင်တန်ကျောင်းဆောင်မှ ပြန်လာပြီး မော်သီသော ကိုယ့်အခန်းတွင်းသို့ဝင်လိုက်ကာ စောစောက ထိုင်နေရာ ခုတင်ခြေရင်းခုံပေါ်၌ ထိုင်သော် စောစောကလို စိတ်မပေါ့ပါးတော့၊ နှုတ်ခမ်းမှ အပြုံးကိုတော့ လက်နဲ့ ပွတ်ဖျက်လည်းမရ၊ စိတ်သည်တော့ ထူးကဲစွာဝေနေ၏။ မေမေစိန်၊ မေမေစိန်။

သည်လိုမိန်းကလေးမျိုးပေါ့၊ ရိုးဖြောင့်သော သဘောရှိတာ၊ နှုတ်မသိမ်ဖျင်းတာ၊ အကောင်းကို နှစ်ခြိုက်တာ၊ အလှကိုမြင်တာ၊ ရှာ၍ရုတ်တရက် မတွေ့နိုင်တာ၊ အပြစ်ရှိလည်း ခွင့်လွှတ်စရာကောင်းတာ အဘယ်ကြောင့်ဆိုတော့ နဂိုစေတနာ၌ အပြစ်ကင်းခဲ့လို့ သည်လိုမိန်းကလေးမျိုးပေါ့၊ ကိုဖုန်းခင်ချစ်ကြိုက်လိုတာ။

မေမေစိန့်အတွေးများကို သီချင်းလုပ်၍ဆိုရင်း ကိုဖုန်းခင်သည် သူကလေး၌ နှင်းဆီ၏ အလှကိုမြင်၏။ စိတ်ဓာတ်လည်းပွင့်ချပ်လို နူးညံ့၏။ သတ္တိလည်း နှင်းဆီအရောင်လိုထင်လင်း၏။ အရည်အသွေးလည်းရနံ့လို သင်းမွှေး၏။ သူ့ယုံကြည်ချက်တွေကလည်း ဥပမာ ပညာ၌ ယုံကြည်ချက်တွေကလည်း ဆူးကောက်ကလေးများလို ထက်မြက်၏။ နှင်းဆီဟာ အလှအတွက် သက်သက်ပွင့်လာသလို မေမေစိန်ဟာလည်း အချစ်အတွက် သက်သက်မွေးလာခြင်းပင်ဖြစ်သည်ထင်ရဲ့၊ ကြမ်းတမ်းသောဘဝ ညစ်ညမ်းသော ဘဝတို့၌ ဆုံလည်ခဲ့သည့် ကိုဖုန်းခင်ကလည်း အချစ်အတွက်ပင် အသစ်မွေးဖွားချင်လှခဲ့ပြီလေ၊ ချစ် သူ့မျက်ရည်ပေါက်ဆိုသည် မိုးလိုပင်မကုန်ခန်းနိုင်ပေမည့် ကမ္ဘာဆုံးလို့လည်း ရှာသွန်းလို့ မဆုံးနိုင်ပေမည့် နှလုံးမြေကိုတော့ ဖွံ့ဖြိုးစေသည်။ သည်တစ်ခါတော့ သူ့ဘဝသည် အဓိပ္ပာယ်ရှိတော့မည် ထင်သည်။ သူသည် လူတကာလိုပင် ချစ်ခင်ခြင်း၊ တပ်မက်ခြင်း၊ ကိုယ်လက်နှီးနှောခြင်း၊ မျိုးရိုးဆက်ခြင်း စီးပွားချမ်းသာရှာခြင်းတို့ကို သာမန်မျှမဟုတ်ရာ၊

mgyoe.com

mgyoe.com


ပန်းရဲ့အလှကိုဆောင်ရာ ဘယ်ဘဝမှာနေနေ သူတန်ဖိုးထားလေ့ရှိရာ (ဤသို့ သူယုံကြည်သည်) အကြင်မိန်းမ၌ ဆောင်ရွက်လိုပြီဖြစ်သမို့တည်း။

× × ×

## (၆)

"လူ့ဘဝကြီးဟာ ပျင်းစရာကောင်းလွန်းလို့ ကျန်တဲ့နှစ်တွေတောင် ဘယ်လိုလုပ်ပြီးနေရမယ်မသိပါဘူး" ဟု မေမေစိန်ကပြုံးရယ်၍ပြော၏။ မေမေစိန်သည် အမြဲပင် သူတကယ်ဆိုလိုသော စကားကိုပင် ပြက်ရယ်ပြုလို ဟန်ဖြင့် အထူးသဖြင့် ပြုံးရယ်ပေါ့ပေါ့ပြောတတ်သည်ကို သတိပြုမိခဲ့ပြီ။

"တွယ်တာစရာမရှိရင်တော့ ပျင်းစရာပေါ့"ဟု ကိုဖုန်းခင်က ဝန်ခံ၏။

"တွယ်တာစရာမရှိလို့... လို့၊ မထင်ပါဘူး၊ ဘာမှ အမြဲမတည်လို့ ဖြစ်ပါလိမ့်မယ်"

"ကျွန်တော်ကတော့ အမြဲမတည်နိုင်လို့သာ တွယ်တာနိုင်တာပဲလို့ ထင်တယ်"

"တဏှာကြောင့် ဇာတိမပြတ်တာကတော့ ဗုဒ္ဓရဲ့အဘိဓမ္မာပါပဲလေ။ အမြဲမတည်တာကပဲ စွဲလမ်းစေတယ်ဆိုပါဦးတော့။ ဒါပေမဲ့ အမြဲတည်တာ တွေလည်း ရှိတာပေါ့။ ရုပ်မဟုတ်ချင် မဟုတ်နိုင်ဘူးပေါ့၊ ဒါပေမဲ့ ဥပမာ တရားဓမ္မတွေဆိုပါတော့ အလှတို့ မေတ္တာတို့ ကျွန်မခုနေ သေသွားသော် လည်း၊ ရုပ်ခန္ဓာပျက်သွားသော်လည်း ကျွန်မစာမကျက်တော့ဘူး၊ ကျက်ချင် စိတ်မရှိတော့ဘူးဆိုတဲ့ တရားဓမ္မကတော့ အမြဲတည်မှာပဲ မဟုတ်ဘူးလား"

သူတို့ပြိုင်တူရယ်၏။ သည်လိုပြိုင်တူရယ်ရခြင်းသည် လည်ချင်း ယှက်၍ ငိုရခြင်းလိုပင် တစ်ခုသောအကြောင်းကို နှစ်ယောက်ခွဲယူကြခြင်း ပေပဲဟု တွေးကာ ကိုဖုန်းခင်ကြည်နူးလေ၏။

"အဲဒါဖြင့် ဒီလိုအမြဲတည်နေတာတွေရှိရက်နဲ့တောင် လူ့ဘဝကြီးမှာ ပျင်းရသလား မေမေစိန်ရာ" ဟု သူကဖြုန်းခနဲ မေးမိသည်။

"ဒါကတော့ ကျွန်မရဲ့ အဖြစ်ပါပဲ ထင်ပါရဲ့၊ ဘာကြောင့်လဲဆိုတော့ ကျွန်မက သက်သက်မိုက်ချင်သူကိုး၊ အဲဒီတရားဓမ္မတွေကို သူတို့အနေအတိုင်း မထားဘဲ ဒါတွေကို ပြယုဂ်ကောင်းမယ့် ရုပ်ကောင်ကိုမှ ရှာပေသကိုး၊ တစ်ဘ

mgyoe.com

mgyoe.com


ဝမှာ တစ်ခါတော့ တစ်ယောက်လောက်တွေ့ဖို့ကောင်းတယ်လို့လည်း ဆင်ခြင် ပေးချင်စိတ် ရှိတာကိုး ကိုဖုန်းခင်ရယ်၊ ပြီးတော့ လူ့ဘဝဆိုတဲ့ဟာက လည်း အမြဲဆိုတဲ့ စကားနဲ့ ဝေးကွာလှ တိုတောင်းလှတာပဲ၊ အနှစ်လေးငါး ဆယ်ပဲမဟုတ်လား၊ အဲဒီနှစ် အပိုင်းအခြားကလေးအတွင်းမှာတောင် တည်မြဲတဲ့ တရားဓမ္မတစ်ခုခုကို ပြယုဂ်ဆောင်နိုင်လောက်အောင် လူဟာ ပါရမီမရင့်သန်တော့ဘူးလား၊ ဒီလောက်ပဲ နုံညံ့လေသလား၊ အဲဒီလို ခဏခဏ မခံချင်ဖြစ်မိပါရဲ့"

သူကလေးရင်တွင်းတော့ ငိုနေမလားမသိ၊ ကိုဖုန်းခင်သည် ကြင်နာသနားခြင်း ပြင်းပြမိသော်လည်း ကိုယ့်ကြမ္မာလည်း ကိုယ်မမြင်နိုင်သေးပါဟူ၍ သတိရမိ၏။ သူများကို သနားနိုင်ခွင့်မရှိသေးပါ၊ ပါရမီရင့်သန်သူရှိပါရဲ့၊ မနုံညံ့သူရှိပါရဲ့လို့ ပြောပြလိုက်ချင်ပေမည်။ သူကလေးက ယုံပါ့လေမလား၊ ယုံသည့်တိုင် လိုလားနိုင်ပါ့မလား။

"ဒါဖြင့်ရင်လည်း မေမေစိန်ရယ်၊ ဗမာစာယူပြီး ကဗျာစပ်ရောပေါ့၊ ကဗျာစပ်တယ်ဆိုတာ"

"အလိုမပြည့်တဲ့သဘောပေါ့– ဟုတ်ပါတယ်။ ဒီလိုပဲ ဆိုကြတယ်၊ ဒီလိုပဲဖြစ်တယ်။ ဒါပေမဲ့ ဗမာစာယူမှကဗျာစပ်လို့ ဖြစ်တာမဟုတ်ပါဘူး၊ ကဗျာဆိုတာ နှလုံးမှာရှိတာပါ၊ ကျွန်မနှလုံးမှာ ကဗျာရှိပါတယ်၊ ဝမ်းနည်းစရာပါပဲ"

မေမေစိန်က မာနကြီးစွာပြော၏။ ကိုဖုန်းခင်ကတော့ ဒါကို စိတ်မနာ၊ သူကလေးလေသံသာ အနည်းငယ်စိမ်းတယ်ထင်ပြီး မခံရပ်နိုင်ဖြစ်လေ၏။ ကျွန်တော်ဟာ မေမေစိန့်ဘက်သားပါ။ သို့သော် မေမေစိန်သည် တကယ်ဝမ်းနည်းသော အရိပ်အငွေ့ကလေး မဖုံးဖိနိုင်သည်ကို တွေ့သော် နှစ်သိမ့်လိုက်ချင်သေးသည်။

"မေမေစိန့်ကဗျာက အလွမ်းဘွဲ့တော့ ဟုတ်မယ်မထင်ပါဘူးနော်"

"စိတ်လှုပ်ရှားတဲ့အပေါ် တည်လို့ပေါ့လေ၊ တစ်မျိုးတည်း အမြဲတစေတော့ ဘယ်ရှိနိုင်မလဲ၊ ဒါပေမဲ့ ကျွန်မအများဆုံး ကြိုက်တာမျိုးက...

'လိပ်ပြာအင်တန်ပွေချင်ရဲ့
မသေခင် နေသရမ်းမယ်ကွဲ့

mgyoe.com

mgyoe.com


လင်းမိုက်လွယ် ငွေမျှင်ခြမ်းကတောင်မှ
အချိန်ကုန်ပုံကြမ်းတယ် ဟာရီတွေနဲ့
တိမ် ခြုံ ပဝါ နွမ်းကိုမှ
လမ်းပြမယ် လှစ်ပဟဲ့'
ဆိုတာမျိုးပေါ့"

ကိုဖုန်းခင်က အံ့သြခြင်းအတိဖြင့် "ဟာ မေမေစိန့်ကဗျာက တကယ့်ကာရန်နဲ့ပါလား ကျွန်တော်ဒီလောက်တော့ မထင်ပါဘူး။ အင်္ဂလိပ်စာသာ တော်ချင်တော်မယ်ထင်တာ"

"ဟာ ဒီတစ်နေရာတည်း တော်ရမယ်လို့ ဘယ်ဆိုနိုင်ဦးမလဲ၊ တဖြည်းဖြည်း တော့ သိလိမ့်မပေါ့" ဟု မေမေစိန်က ခပ်တည်တည်ပြော၏။

ကိုဖုန်းခင်က ပြုံးသော် "မပြုံးနဲ့လေ" ဟု ဆက်ပြော၏။

"တော်တယ်ဆိုတာကို ကျွန်မလောက်မက်တဲ့ မိန်းကလေးသိပ်ရှိမယ် မထင်ဘူး။ ကိုယ့်ကိုယ်ကိုယ် တော်တယ်လို့လည်းထင်တယ်။ မတော်တဲ့နေရာ ကျလည်း ကြိုးစားလုပ်တယ်၊ လူတိုင်းမှာ ရှိသလောက်ပဲ ကျွန်မမှာလည်း တော်တယ်ဆိုတဲ့ အစွမ်းကလေး ပြချင်တဲ့စိတ်ရှိတာပဲ။ တစ်ခုပဲရှိတယ်။ ကျွန်မက မာနကြီးလေတော့ လူတိုင်းရဲ့ အချီးမွမ်းခံရအောင် အစွမ်းအပြ ပြမနေဘူးပေါ့လေ၊ ကိုယ်အထင်ကြီးတဲ့ လူတစ်ယောက်ယောက်က သိရင် ကျေနပ်တာပဲ။ တစ်ခါတလေများဟာ ကိုယ်သိတာနဲ့ကို ပြီးတော့တယ်"

"ဒီထိအောင် အထင်ကြီးတာ"

"ဒီထိအောင် အထင်ကြီးတာ ဟုတ်တယ်။ တစ်ခါတလေ ကိုယ့်ကိုယ်ကိုယ် မပျက်စီးစေချင်လို့ ဒီထက် နည်းနည်းညံ့ရင် ကောင်းမယ်တောင်ထင်မိတယ်။ ကျွန်မဟာ ဘာကြောင့် သင်လို့တတ်လွယ်ရာမှာ သူများနဲ့ မတူရသလဲ၊ ဥပမာ ကိုဖုန်းခင် ဟိုဘက်နည်းနည်းစောင်းလိုက်စမ်းပါ" မေမေစိန်သည် စားပွဲပေါ်၌ သတင်းစာကို ဆွဲယူကာ အဖြူပိုင်းများသော နေရာ၌ ဖောင်တိန်ပင်နှင့်ပုံဆွဲစပြု၏။ "ကဲ ကြည့်ပါဦး၊ ကိုဖုန်းခင်ရဲ့ တစောင်းပုံဟာ တူတယ်မဟုတ်လား၊ ဒါပေမဲ့ ကျွန်မတစ်ခါမှ ပုံဆွဲမသင်ဖူးဘူး။ ပန်းချီဆရာကြီးများ လက်ရာလည်း ခုကြီးမှ မြင်ဖူးတာပါ။ ပြီးတော့ ကျွန်မ စန္ဒရားတီးတယ်။ လက်ချောင်းထားပုံပဲ သင်ရတယ်။ ဒီနောက်တော့ ကျွန်မ

mgyoe.com

mgyoe.com


ဘာသာ တီးယူတာပဲ။ သူများရဲ့ တီးကွက်လည်း ကျွန်မ မလိုချင်ဘူး။ သူများတီးတာ တစ်ခါနားထောင်ပြီး ကိုယ့်ဘာသာ ထွင်တီးတာပဲ။ ငယ်ငယ်က ပြိုင်ပွဲတွေ ဘာတွေ ဝင်လေ့ရှိစဉ်က အမြဲဆုရတယ်။ ပြီးတော့ ငယ်ငယ်ကတည်းက စကားပြောရင် ကာရန်နဲ့ ပြောတယ်။ အစက ကျွန်မကိုယ်ကျွန်မ တော်တယ်မထင်ဘူး။ လူတိုင်းဟာ ဒီလိုပဲ လုပ်နိုင်ကြတယ်လို့ထင်တယ်။ ဒါပေမဲ့ သူတကာ မနာလိုခံရတာ၊ လူကျော်လူမော်ဆိုတဲ့ လူတွေရဲ့ ထူးဆန်းတဲ့ အရည်အချင်းတွေဟာ ကျွန်မအဖို့ အံ့သြစရာ၊ ဟုတ်တာတွေကြုံရမှ သိရတယ်။ ပြီးတော့ သူတကာဟာ လွယ်လွယ်ကလေးကို မနည်းလုပ်နေကြရတာတွေ ကြုံရမှ"

"အဲဒီတော့ သိပ်ပျော်သွားသလားဟင်"

"ခုတော့ သိပ်စိတ်ဆင်းရဲတာပဲ" ဟုသာ ဖြေ၏။ "ဘာကြောင့်လဲဆိုတော့ ကျွန်မဟာ လုပ်နိုင်စွမ်းရှိတယ်ဆိုတာကို နောက်ကျပြီးသိလို့ပါပဲ။ ဘာမှမလုပ်ချင်တော့တဲ့ အချိန်၊ အပျင်းကြီး ပျင်းနေတဲ့ အချိန် ကျွန်မသိရတော့ ဘာမှ တန်ဖိုးမရှိတော့ဘူးပေါ့၊ ကျွန်မဟာ တခြားသာမန်ဆိုတဲ့ လူတွေလို အလုပ်တစ်ခုကို ခဲခဲယဉ်းယဉ်းလုပ်၊ ဝတ်ကာ စားကာနဲ့ ပျော်ပါးပြီး လူ့ဘဝမှာ မအားမလပ် သေသည့်အထိနေဖို့ အကြောင်းမရှိတော့သလို ဖြစ်တာပေါ့၊ အေးလေ ကျွန်မဟာ အတွေးလွန်နေသလား၊ စိတ်လေနေသလားမသိပါဘူး"

"စိတ်လေစရာ အကြောင်းတော့ မရှိပါဘူးထင်ပါရဲ့" ဟု ကိုဖုန်းခင်က မရဲတရဲစမ်းလိုက်သော်။

"ရှိတာပေါ့ ကိုဖုန်းခင်ရဲ့ သိပ်ရှိတာပေါ့ ကျွန်မကိုယ်ကျွန်မ တော်တယ်လို့ ဝန်ခံပြီးတဲ့နောက်မှ ပညာရှာချင်စိတ်တွေဟာလည်း ကုန်သွားတယ်။ ဒါနဲ့ လူ့ဘဝမှာ ခိုလှုံစရာ အချစ်မေတ္တာဆိုတာ တစ်ခုပဲရှိတယ်လို့ အားကိုးပြန်တော့လည်း အလဟဿဖြစ်နေတာကို တွေ့ရတယ်"

ကိုဖုန်းခင်ကို ရဲဝံ့သော မေမေစိန်၏ မျက်လုံးများက စိုက်နေ၏။ ကိုဖုန်းခင်သည်လည်း ပြန်၍ငေးစိုက်နေရာက သတိတရပင် မိမိကစ၍ မျက်စိမလွှဲဘူးဟု တင်းမိလေ၏။ တဒင်္ဂသော်လည်းကောင်း၊ တစ်ဘဝသော်လည်းကောင်း ကုန်သွား၏။ ကိုဖုန်းခင်သည် မျက်တောင်တစ်ချက်နှစ်ချက်

mgyoe.com

mgyoe.com


ခတ်ပြီး မျက်စလွှဲပြောင်းပြန်ကာ မျက်လွှာချမိပြီးမှ မခံချင်ခြင်းဖြင့် "မေမေစိန်က နိုင်ပါသဗျား" ဟု ပြောလိုက်သေး၏။

မေမေစိန်က စိန်းစိန်းကြည့်နေသေးပြီး အတန်ကြာမှ ပြုံးရယ်ကာ မျက်လုံးများလည်း အရောင်မှိန်သွားသည်။

"ကျွန်မငယ်ငယ်တုန်းက အိပ်မွေ့ချတို့၊ စိတ်ဂယက်ရိုက်အောင် လွှတ်တာတို့၊ အိပ်မက်နဲ့ စနည်းနာတာတို့ သိပ်ကျင့်တာပဲ။ အိပ်မက်တစ်ခုမှာတော့ နည်းနည်းဖြစ်သလိုပဲ သိပ်အံ့ဩစရာကောင်းတာပဲ ကိုဖုန်းခင်ရဲ့၊ ဥပမာအိပ်မက်တစ်ခုဟာ ထူးခြားတာက သူ့ကို ထပ်တလဲလဲ မက်တတ်တယ်၊ ရိုးရိုးအိပ်မက်မျိုးပေါ့လေ၊ ထောင်ထုပ်ကောက်ရတယ်တော့ မဟုတ်ဘူးပေါ့၊ ခုလိုဆိုပါစို့ ကိုဖုန်းခင်က မျက်နှာချင်းဆိုင်မှာ ထိုင်နေတယ်၊ ကုလားထိုင်က တစ်ခြမ်းမည်းနေတယ်၊ ဝင်ခါနီး နေရောင်က ပန်းရောင်ရွှေရောင်တောက်ပြီး ကျလာတော့ ကိုဖုန်းခင်ရဲ့ အင်္ကျီအဖြူဟာ အရောင်တွေပြန်နေတယ်၊ အရိပ်ကျတဲ့ အတွန့်အတွန့်အခေါက်များကြားမှာ စိမ်းလဲ့လဲ့ရှိတယ်၊ ကျွန်မက ဒီမှာထိုင်ပြီး စကားတွေများနေတယ်၊ ဧည့်ခန်းတစ်ခန်းလုံးက လူပြည့်နေတယ်၊ မိန်းကလေးတွေက ထမင်းဆင်းစားပြီး ခေါင်းလောင်းတီးသံကို စောင့်နေတယ်၊ အဲဒီလိုဘာမှ မဟုတ်ပေမယ့် အသေးစိတ်မှတ်မိနေတဲ့ ပုံတစ်ချပ်ပေါ့လေ၊ အဲဒီလိုမက်ပြီး တစ်နေ့နေ့မှာ အဲဒီအတိုင်း ထပ်တူဖြစ်ပြီးကိုယ့်ဘာသာရုတ်တရက် မမှတ်မိဘဲနေသေးတယ်၊ ဟာဒါမျိုး ငါဖြစ်ဖူးပါတယ်လို့ သတိရတယ်၊ ပြီးတော့မှ အဲဒီအတိုင်း တစ်သဝေမတိမ်းအိပ်မက်မက်ဖူးတာဖြစ်နေတာပေါ့"

"ဟုတ်တယ်၊ ဟုတ်တယ် ကျွန်တော်လည်း ငယ်ငယ်က ဒါမျိုးဖြစ်ဖူးတယ်" ဟု ကိုဖုန်းခင်က ဝမ်းသာအားရ ထောက်ခံလေ၏။

"နောက်ပြီး တစ်ခုက ခုထိကျွန်မစိတ်ထဲ မရှင်းသေးဘူး။ ကိုယ့်ကိုယ်ကိုယ်လည်း အဲဒီထိ အထင်မကြီးဝံ့သေးဘူး၊ ဖြစ်ပုံက တစ်ခါကျွန်မတူမကလေးငယ်ငယ်က လည်ပင်းမှာ တပ်တဲ့ သွားရေခံကလေးတစ်ခုဟာ ခြံထဲတန်းမှာ လှန်းထားရင်း ပျောက်သွားတယ်၊ သူ့အမေကလည်း ရှာသပေါ့လေ၊ တစ်အိမ်လုံးနှံ့လို့ မတွေ့ဘူး။ အဲဒီအချိန်မှာ ကလေးထိန်းတဲ့ မိန်းမကြီးကလည်း အသည်းယောင်လို့ ဆေးရုံဆယ်ရက် တက်နေရတယ်၊ တစ်နေ့

mgyoe.com

mgyoe.com


လယ်တော့ ကျွန်မခဏအိပ်ပျော်တယ်၊ နိုးလာပြီး ခဏနေတော့ သွားရေခဲလေးပြန်တွေ့ပြီလို့ စိတ်ထဲအောက်မေ့နေတယ်၊ ကျွန်မကတောင့် ကျွန်မအစ်မကိုပြောတယ်၊ စောစောကပဲ မမ ပြောနေတယ် မဟုတ်လား၊ ခေါင်းရင်းခြံစည်းရိုး ဝိုင်ယာကြိုးမှာ ငြိနေတာပြန်တွေ့တယ်လို့ဆို၊ မမက ငါမပြောပါဘူးတဲ့၊ ဒါနဲ့ ကလေးထိန်းမိန်းမကြီး ပြောတယ်ထင်တယ်ဆိုတော့လည်း သူကဆေးရုံတက်တာ လေးငါးရက်ရှိပြီ၊ ပျောက်တာကတော့ သူရှိနေစဉ်ကပဲ၊ ဒါနဲ့ ဒီကိစ္စပြီးသွားပြီး ဆယ်ရက်ကြာလို့ မိန်းမကြီးလည်း ပြန်လာရောမေးကြည့်တော့ သူဘာမှ မပြောဘူးတဲ့လေ၊ နောက်တစ်ရက်နှစ်ရက်ကြာတော့ ဒီမိန်းမကြီးပဲ သွားရေခဲကလေးကို ခေါင်းရင်းခြံစည်းရိုး ဝိုင်ယာဆူးကြိုးမှာ သွားတွေ့တယ်"

မေမေစိန်က ခပ်ငေးငေးနေရာမှ ပခုံးတွန့်ကာ "ပြန်တော့ ကိုဖုန်းခင်ခေါင်းလောင်းတီးလို့ နှင်တော့မယ်၊ ခေါင်းလောင်းတီးမှ ပြန်ရတာ ရှက်နေဦးမယ်" ဟု ပြုံး၍ခနဲ ပြော၏။

"အဲဒီသတင်းစာ ကျွန်တော်ယူသွားမယ်၊ ကျွန်တော့်ပုံပါလို့ ကျွန်တော်လည်း ဆိုင်တာပေါ့၊ သိမ်းထားရမှာဗျ"

"သတင်းစာကတော့ ကျောင်းဆောင်အသင်းပိုင် ပစ္စည်းပဲ၊ ကျွန်မမှာပြောခွင့်မရှိဘူးထင်ပါရဲ့"

"ဒါဖြင့်ရင်လည်း ရန်အေးအောင် ခိုးပြေးပါတော့မဗျာ၊ ပြီးတော့ မေမေစိန်ကဗျာစပ်ရင် ကျွန်တော့်လည်း ပေးဖတ်ပါဦး၊ ကျွန်တော်ရေးတဲ့စပ်တဲ့ အတိုအထွာလေးတွေလည်း ပြပါမယ်"

"သြော် ကိုယ့်အကြောင်းကိုယ်ပြောရတာများ တယ်စိတ်ဝင်စားစရာကောင်း" ဟု ညည်းကာ မေမေစိန်သည် ကျောင်းဆောင်အဝအထိ လိုက်ပို့ရန်ထ,လေ၏။ သို့သော် သူ့ဘာသာ စက်ဆုပ်ရွံရှာသလို ကြက်သီးထ၏။ နောက်ဘာစိတ်ကူးရသည်မသိ၊ "နောက်လာလည်ချင်သေးရဲ့လား" ဟုမေးသည်။

"လည်ချင်ပါသော်ကောဗျာ"

ကိုဖုန်းခင်သည် အဆောင်သို့ တိုက်ရိုက်ပြန်လာပြီး အခန်းထဲ၌ မီးမဖွင့်ဘဲလှဲနေ၏။ သူ့စိတ်များသည် လေးလံလျက်ရှိသည်။ မေမေစိန်သည်

mgyoe.com

mgyoe.com


သူ့စိတ်အလုံးကို အုပ်စိုးလျက်ရှိပြီ၊ မေမေစိန်က သူ့ကို ဘယ်လို လူစားလို့ ထင်သလဲဆိုသော ပြဿနာသည် အရေးတကြီး ပေါ်လာ၏။ မေမေစိန်က ငါ့ကို သာမန်လူမျိုးပဲလို့ ထင်နေသလား၊ နည်းနည်းတော့ တော်ပါသည်လို့ပဲ အကဲဖြတ်လေမလား၊ မေမေစိန်အထင်ကြီးတဲ့ လူမျိုးဟာ ဘယ်လိုနေပါလိမ့်မလဲ၊ သူကလေးက တခြားမိန်းမနှင့် မတူလေတော့ အထင်ကြီးခြင်း မရှိဘဲလည်း ချစ်တတ်လေမလား၊ တင်ထွန်းဆိုလျှင် ဘာအရည်အသွေးတစ်ခုမှ ပြောပလောက်စရာပြောင်လက်ခြင်းမရှိ၊ ရုပ်ရည်လည်း မခံ့ညား၊ တင်ထွန်းကို မနှစ်လိုခြင်းကြီးစွာဖြစ်သည်။ မေမေစိန်နှင့် မတန်လိုက်လေခြင်း၊ အမိုက်အမဲအရှုယ်မို့ မေမေစိန်အနား ကပ်ခွင့်ရတာ သူကနာအံ့ထင်သေးသလား။ အို ငါသာ သူရဲ့ နီမြန်းတဲ့ နှုတ်ခမ်းကလေးကို နမ်းခွင့်ရရင် ငါဟာ သူရဲ့ ဖြူဖြော့တဲ့ နှလုံးကို စိုးမိုးခွင့်ရရင်၊ သူ့အံ့သြဖွယ်ဉာဏ်ပါရမီနဲ့ နီးစပ်ခွင့်ရရင်...

ကိုဖုန်းခင်သည် သတိရကာ ရုပ်အင်္ကျီအိတ်ထဲရှိ သူဆုတ်ယူလာသော သတင်းစာ စက္ကူခေါက်ကို ထုတ်ကာ ဖြန့်ကြည့်၏။ နစ်ပြားကြီးကြီး မင်ရောင်ရင့်ရင့်ဖြင့် တစ်ကြောင်းဆွဲထားသော သူ့ပုံသည် မှောင်ရီဆည်းဆာ၌ တစောင်းလှည့်နေသည်။ ပုံထဲတွင် ကိုဖုန်းခင်သည် နှမ်းလျှဟန်ရှိသော်လည်း မျက်နှာအမူအရာကြည်စင်၏။ မေမေစိန့်အပါးမှာသူရှိတိုင်း သည်မျက်နှာထားမျိုးပဲနေမည်ထင်သည်။ မေမေစိန်သည် ကိုဖုန်းခင်ရဲ့ စိတ်လှုပ်ရှားပျော်ရွှင်မှုကလေးကို အမိအရ ခြစ်ထည့်လိုက်ပေသည်။ ကိုယ့်ရဲ့မေမေစိန်။

× × ×

## (၇)

မေမေစိန်ဆီသွားရတာ အားကြီးပျော်သည်။ ညနေ ငည့်သည်လက်ခံချိန်မှာ ကိုဖုန်းခင်သည် လုပ်စရာရှိသမျှဘာတစ်ခုမှ မလုပ်နိုင်ချေ။ ဘယ်မှလည်း မသွားနိုင်ချေ၊ အခု ဘင်တန်ကို ထသွားလျှင် မေမေစိန်နှင့် တွေ့မည်လို့သာ တွေးနေတတ်သည်။ သို့လျှင်သွားတဲ့ အခေါက်ရေ များလွန်းနေမလား၊ မေမေစိန်က သဘောကျပါမလား၊ သူတကာက ပြက်ရယ်ပြုမလားဟု ပူပင်ကာ ချီတုံချတုံနှင့် ၁၅ မိနစ်ခန့်မျှသာ အချိန်ဖြုန်းနိုင်ပြီး မေမေစိန့်ဆီ

mgyoe.com

mgyoe.com


နောက်ဆုံး ရောက်သည်ချည်းတည်း၊ မေမေစိန်ကလည်း အားရရွှင်လန်းဖွယ် ကောင်းသော တစ်ခါပြုံးကို တစ်သက်လုံးမြင်ယောင်သော မျက်နှာဝွေလ, ရွှင်ပပနှင့်ခေါ်လျှင် ဆင်းလာစမြဲတည်း။ သို့လျှင်ကိုယ့်ဘာသာ ရုတ်တရက် မရိပ်မိဘဲ မေမေစိန့်ထံသို့ ညနေတိုင်းတစ်ရံမပြတ် ရောက်တတ်လာသည်။ ဧည့်ခန်း၌ ကျောင်းသူတို့ ကျက်မှတ်မိသော မျက်နှာတစ်ခုတိုးလာသည်။ ဒါရဝမ်ကရိပ်ခနဲ မြင်လျှင်ပင်အလိုလို မေမေစိန်ကို ခေါ်ပေးလာတတ်သည်။ ကိုဖုန်းခင်သည် ယခုလိုအချိန်မှန်သော ဧည့်သည်ဖြစ်နေရခြင်းကို တစ်ခါ တစ်ရံ ရှက်သော်လည်း မေမေစိန်နှင့် အတူနေရသော တစ်ခဏတာသည် တန်ဖိုးမဖြတ်နိုင်အောင် ဖြစ်လာရကား ဧည့်ခန်းဆောင်ဝက တစ်မိနစ် နှစ်မိ နစ်မျှ မတ်တတ်ရပ်စောင့်နေဆဲသော မျက်နှာပူရှိန်းရှိန်းနေပြီး သူကလေးရဲ့ ဖျတ်လတ်ပေါ့ပါး၍ မြည်သည်ဆိုရုံသာ မြည်သည့် ဖိနပ်သံကို ကြားမှတ်မိ လိုက်လျှင်ပင် ဝမ်းသာအားရဖြစ်လှချေသည်။

ပြီးတော့ မေမေစိန်ဟာလည်း သူမလာလျှင် မျှော်နေလိမ့်မယ်၊ သူလာ တတ်ချိန်မို့ အခန်းမှာ ကပ်တတ်ပြီလေ၊ ရုပ်ရှင်ကြိုက်သော်လည်း ညနေပွဲမ ကြည့်ပြီလေ၊ မေမေစိန့်ဆီ လာတတ်ကြသော တခြားဧည့်သည်တို့သည် တဖြည်းဖြည်းရှဲကာ လုံးလုံးစဲမတတ်ဖြစ်ပြီလေ၊ သူနှင့်မေမေစိန်တို့ကို ဘယ် လိုများ အသိအမှတ်ပြုကြလေသည်မသိ။

ရှင်းရှင်းပြောရလျှင် ကိုဖုန်းခင်ကျေနပ်၏။ တစ်ခါတစ်ရံ အတင့်ရဲ ၍ မေမေစိန့်မျက်နှာ၌ ရှက်သွေးမှူယာ ဖြာလေမလားဟု ရှာဖွေသားပင်။ သို့သော် မေမေစိန်က မျက်နှာဝင်းပစွာပင် "ကျွန်မလည်း ကိုဖုန်းခင်နဲ့ ပေါင်း ကတည်းက အခန်းထဲမှာ အတော်မြဲနေတယ်" ဟု ပြောသေး၏။ တစ်နေ့ မလာလျှင် "ဘာဖြစ်လို့ မလာတာလဲ၊ ကျွန်မဖြင့် မျှော်နေတယ်၊ တစ်ည နေလုံး ယောင်ချောက်ချောက်ကြီး၊ ခြောက်နာရီထိုးခါနီးမှ မလာတော့ပါဘူး လေဆိုပြီး လမ်းလျှောက်ထွက်တယ်။ နေမကောင်းလို့လား၊ သွားစရာရှိလို့ လား" စသည်ဖြင့် မကျေမနပ်ကလေးဆိုပြော၏။ ကိုဖုန်းခင်က မဝေခွဲတတ် သော်လည်း ဝမ်းသာနှင့်သည်။ ဘာပဲဖြစ်ဖြစ် မေမေစိန်ဟာ ကိုယ့်ကိုခင်ပြီ လေ၊ ထိုခဏ၌ ပွင့်လင်းရိုးသားသော မေမေစိန့်အသည်းကို နှစ်လိုမိ၏။ မဖောက်ပြားဘူးဆိုပြန်လည်း မဖောက်ပြားလို့ပဲ ချစ်စရာကောင်းသည်။

mgyoe.com